# သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

# (Thayninga Institute for Strategic Studies – TISS)

## မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ

## သတင်းအချက်အလက် ကောက်နုတ်ချက်

အမှတ် (၂)၊ ဖေဖော်ဝါရီလ ၂၀၂၂ ခုနှစ်

(သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)

# ၂၀၂၂ ဖေဖော်ဝါရီလ အတွက် မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်

## နိဒါန်း

သေနဂ် မဟာဗျူဟာလေ့လာရေးအဖွဲ့ (Thayninga Institute for Strategic Studies – TISS) ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဏ္ဍများတွင် လေ့လာဆန်းစစ်သုတေသနပြုသွားရန် ရည်ရွယ်ခဲ့ပါသည်။ သေနဂ် မဟာဗျူဟာလေ့လာရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် မြန်မာ့တပ်မတော်အတွက် အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်သုတေသနအဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်လုပ်ဆောင်သွားရန် ဖြစ်ပါသည်။

သေနဂ် မဟာဗျူဟာလေ့လာရေးအဖွဲ့၏ ဆောင်ပုဒ်မှာ Knowledge, Strategy & Union (ဗဟုသုတ၊ မဟာဗျူဟာ နှင့် ပြည်ထောင်စု) ဖြစ်ပြီး ဗဟုသုတရှာမှီးခြင်းမှသည် မဟာဗျူဟာမြောက် ဝေဖန်ဆန်းစစ်ခြင်းသို့ တက်လှမ်းနိုင်ကြပြီးလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်မြဲခိုင်မာ အင်အားတောင့်တင်းနေစေရန် ရည်သန် အားထုတ်မည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ယနေ့ခေတ် မျက်မှောက်ကာလတွင် တိုင်းပြည်နိုင်ငံအများစုသည် သက်ဆိုင်ရာနိုင်ငံအလိုက် အမျိုးသားအကျိုးစီးပွား (National Interest) ကို အဓိကအလေးထား ဖော်ဆောင်နေကြသည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်နိုင်ပါစေဟု သေနဂ် မဟာဗျူဟာလေ့လာရေးအဖွဲ့မှ ဆန္ဒပြုဆုမွန်ခြွေအပ်ပါသည်။

## <u>၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း သတင်းကောက်နုတ်ချက် ရက်စွဲမှတ်တမ်းများ</u>

သေနဂ် မဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ဖြစ်ပေါ်ခဲ့သည့် မြန်မာ့ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန် စုစည်းဖော်ပြပါသည်။

| | | |
|---|---|---|
| ၁။ | ၁. ၂. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၁) နှစ်ပြည့်တွင် ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာ လက်ရှိ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ဆောင်ချက်များကို အကျဉ်းချုပ် ရှင်းလင်းတင်ပြခဲ့ပြီး အစိုးရအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို အာမခံကြောင်း၊ ကတိကဝတ်များအတိုင်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကူညီကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။ |
| | | CRPH, NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ပါက အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ အရေးယူခံရမည်ဖြစ်ပြီး ပိုင်ဆိုင်မှုများ သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ (၂၅) ရက်က ထုတ်ပြန်ခဲ့သော်လည်း ယင်းအပေါ် မျက်ကွယ်ပြုကာ Facebook အကောင့်များ အသုံးပြု လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့သည့် အကောင့်ပိုင်ရှင် (၁၆) ဦးကို ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်သည်။ |
| | | ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်နှင့် နမ့်ခမ်းမြို့တို့၌ အမည်မသိ လက်နက်ကိုင် အဖွဲ့အစည်းနှင့် တပ်မတော်တို့ ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားစဉ် အတွင်း ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုလမ်းမကြီးဘေး တိုင်းရင်းဆေးဌာန အဆောက်အအုံအနီး၊ စီမံကိန်းဦးစီးရုံးနှင့် အမှတ် (၅) အခြေခံမူလတန်း ကျောင်းဝင်းတို့၌ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းဝင်းအတွင်း နေထိုင်သော (၃၇) နှစ်အရွယ် အမျိုးသမီးတစ်ဦး လက်နက်ကြီးစ ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ |
| | | ဇန်နဝါရီ (၃၁) ရက်က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ရင်စိန်ဆေးရုံမှ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသမည့် လူနာအား တင်ဆောင်ကာ မောင်းနှင်လာသည့် လူနာတင်ယာဉ်ကို (၁) ရက် နံနက် ၅ နာရီတွင် ထီးချိုင့်မြို့နယ်၊ ဇီးဖြူကျင်းရွာနှင့် ဘိုတဲကုန်းရွာအကြား၌ PDF များက တားဆီးချိန် လူနာအရေးကြီးနေသဖြင့် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ခဲ့ရာ PDF များက သေနတ်နှင့် ပစ်ခတ်ခဲ့သဖြင့် ယာဉ်မောင်း ကိုဆန်းနိုင်သည် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့၍ အကူယာဉ်မောင်း အောင်ဖြိုးဦးတွင် ကျောကုန်းကျည်ထိမှန်ဒဏ်ရာ ရရှိသည်။ လူနာတင်ယာဉ်ကို အခင်းဖြစ်နေရာနှင့် ကိုက် (၃၀၀) ခန့်အကွာ လမ်းဘေး၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ |
| | | ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက် ဆေးရုံအဟောင်း လမ်းမကြီးပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ထောက်ခံပွဲအား လမ်းလျှောက် ဆန္ဒထုတ်ဖော်မှု ပြုလုပ်စဉ် ဆိုင်ကယ်စီးလာသူ လူနှစ်ဦးက လက်ပစ်ဗုံးနှစ်လုံး ပစ်ပေါက်ဖောက်ခွဲခဲ့သဖြင့် နှစ်ဦး သေဆုံးကာ ခြောက်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေရှိပြီး (၄၀) နီးပါး ဒဏ်ရာရှိခဲ့သည်။ |
| | | ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူရှိ မြို့မဈေးအနီးတွင် မိုင်းသုံးလုံး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုတွင် ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ကြောင်း မြို့ခံများက ပြောကြားခဲ့သည်။ အလားတူ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် ရဲတပ်ရင်း (၃၀) အနီး မိုင်းပေါက်ကွဲခဲ့ပြီး အနီးဝန်းကျင်သို့ ပစ်ခတ်မှုဖြစ်ပွား |

| | | |
|---|---|---|
| | | ရာ အသက် (၇) နှစ်အရွယ် ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ |
| | | ဇန်နဝါရီ (၃၁) ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁၅) ရပ်ကွက်၌ ဖွင့်လှစ်ထားသည့် “ရွှေရင်အေး” ရွှေဆိုင်သို့ အမျိုးသား(၃)ဦး ရောက်ရှိလာပြီး သေနတ်ဖြင့် ခြိမ်းခြောက်၍ ရွှေဆွဲကြိုး (၁၃) ကုံး၊ ရွှေလက်ကောက် (၉၃) ကွင်း၊ ရွှေဟန်းချိန်း (၃) ခု၊ စုစုပေါင်း ရွှေအလေးချိန် (၅၅) ကျပ်သားခန့်၊ တန်ဖိုးငွေ (၉၆,၂၅၀,၀၀၀) ကျပ်ခန့်အား လုယက် ထွက်ပြေးသွားကြောင်း သိရှိရသည်။ |
| ၂။ | ၂.၂.၂၀၂၂ | ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) ကို နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံ၏ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပို့ကုန်သွင်းကုန် ဆောင်ရွက်ခဲ့မှုများ၊ ဝါဂွမ်းစိုက်ပျိုးရေးကို ပြည်ပပို့ကုန်အဖြစ် ဆောင်ရွက်ကြရန်၊ ပြည်တွင်းရက်ကန်း လုပ်ငန်းများကို အဆင့်မြှင့်တင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်၊ ရေသုံးစွဲမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် လျှပ်စစ်ဓာတ်အား ပြန်းတီးမှုမဖြစ်စေရေးဂရုပြုကြရန် စသဖြင့်မှာကြားခဲ့ပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကာကွယ်ရေး စွမ်းပကား မြှင့်တင်ရေးတို့ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ |
| | | ဇန်နဝါရီ ၃၁ ရက် ည ၁၁ နာရီခန့်က PDF များသည် ဆားတောင်မြို့နယ် စည်ပင်ရုံးအား ဖျက်ဆီးခဲ့၍ ရုံးအဆောက်အဦနှင့် ရုံးအတွင်းရှိပစ္စည်းအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီ (၁) ရက် ည ၁၂ နာရီခန့်တွင် မြင်းမူမြို့အဝင် ရွှေတောင်ကုမ္ပဏီ၏ လမ်းအသုံးပြုခကောက်ခံသည့် တိုးဂိတ်အား PDF (၃၀) ဦးခန့်က Light Truck ယာဉ်တစ်စီး၊ ဆိုင်ကယ် (၅) စီးဖြင့် လာရောက်ကာ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ခန့်မှန်းတန်ဖိုး ကျပ်သိန်း ၁၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ |
| | | ရန်ကုန်တိုင်း၊ သာကေတမြို့နယ်ရှိ အမှတ် (၆) အထက်တန်းကျောင်းအနီး၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲပြီး လေကာမှန်တစ်ချပ် ပျက်စီးခဲ့သည်။ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်တွင် လက်ထောက်ပညာရေးမှူး၏ နေအိမ်အား လက်လုပ်ဗုံး(၂)လုံးဖြင့် ပစ်ပေါက်ခဲ့သောကြောင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့သည်။ တိုက်ကြီးမြို့နေ ကိုမျိုးမင်းထွန်းသည် သားဖြစ်သူအား ကျောင်းပို့စဉ် ရန်ကုန်-ပြည်ကားလမ်းမကြီးဘေး အုပ်ချုပ်ရေးမှူးရုံးအနီး၌ သေနတ်ဖြင့် ပစ်ခတ်ခံရသဖြင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့သည်။ |
| | | မွန်ပြည်နယ် ရေးမြို့နယ် တောင်ဘုံကျေးရွာရှိ Mytel တာဝါတိုင် မိုင်းခွဲဖျက်ဆီးခံခဲ့ရကြောင်း ဒေသခံများထံမှ သိရသည်။ မွန်ပြည်နယ်အတွင်း Mytel တာဝါတိုင် (၁၄) တိုင်ထက်မနည်း ဖျက်ဆီးခံခဲ့ရပြီး ဖြစ်သည်။ ရေးမြို့နယ် အစင်စံပြကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်မြင့်မှာ အဘော်ကျေးရွာအဝင်လမ်းတွင် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်းကလည်း ရေးမြို့နယ် အစင်စံပြကျေးရွာနေ ရာအိမ်မှူးတစ်ဦး ပစ်သတ်ခံခဲ့ရဖူးသည်။ |
| | | နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခဲ့သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရသူ (၇) ဦးအား ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်သည်။ |

| | | |
|---|---|---|
| | | ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ Mytel ဆိုင်ခန်း ပေါက်ကွဲမှုဖြစ်ကာ မီးလောင်ကျွမ်းခဲ့ပြီး ဒေါပုံမြို့နယ် Mytel တာဝါတိုင်ရှိသည့် အဆောက်အဦရှေ့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ |
| ၃။ | ၃. ၂. ၂၀၂၂ | ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ရှိသည့် လူဦးရေ ၆ ဒသမ ၂ သန်းကို လူသားချင်းစာနာသည့် ထောက်ပံ့မှု အကူအညီများပေးနိုင်ရန် ကုလသမဂ္ဂက ဖေဖော်ဝါရီ (၁) ရက်တွင် အမေရိကန်ဒေါ်လာ ၈၂၆ သန်း စံချိန်တင်တောင်းခံခဲ့သည်။ မြန်မာနိုင်ငံ၏ လူဦးရေ (၅၄) သန်းအနက် (၂၅) သန်းသည် ဆင်းရဲကျပ်တည်းမှုနှင့် ရင်ဆိုင်နေရပြီး ကလေးငယ် (၅) သန်း အပါအဝင် ၁၄ ဒသမ ၄ သန်းသည် အကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ၎င်းတို့ထဲမှ အရေးတကြီး အကူအညီ လိုအပ်နေသည့် ၆ ဒသမ ၂ သန်းကို ထောက်ပံ့နိုင်ရန် ယမန်နှစ်က ငွေပမာဏထက် နှစ်ဆကျော်တိုးကာ တောင်းခံခဲ့ခြင်းဖြစ်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ အင်မထီးကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ စခန်းနှင့် ကျေးရွာအနီးတစ်ဝိုက်သို့ ဇန်နဝါရီလ (၃၀) ရက် ညနေပိုင်းတွင် PDF များက အင်အားအလုံးအရင်းဖြင့် ချဉ်းကပ်တိုက်ခိုက်လာခဲ့ပြီး ကျေးရွာရှိအိမ်များအား မီးရှို့ဖျက်ဆီး ထွက်ပြေးသွားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ထိုသို့ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့ခြင်း ဖြစ်သော်လည်း NUG၊ CRPH နှင့် PDF များ၊ လူပုဂ္ဂိုလ်အချို့နှင့် မီဒီယာအချို့က လူမှုကွန်ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သကဲ့သို့ မဟုတ်မမှန် သတင်းအမှားများကို ဝါဒဖြန့်ရေးသားလျက်ရှိကြောင်း ထပ်မံသတင်းထုတ်ပြန်သည်။ |
| | | ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်နယ်မြေစခန်းကို KIA နှင့် PDF တို့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စခန်းမှူးနှင့် ရဲတပ်သားတစ်ဦး သေဆုံးကာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးပျောက်ဆုံးနေကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ရဲကင်းမှာ မန္တလေး – မိုးညှင်းလမ်းပေါ်တွင် တည်ရှိပြီး ရွာကိုထိခိုက်မှု မရှိကြောင်း၊ တိုက်ခိုက်မှုမှာ တစ်နာရီခန့်ကြာမြင့်ခဲ့ပြီး လက်နက်(၄)လက် ဆုံးရှုံးကာ နေအိမ်၊ကားများ မီးလောင်ခဲ့သည်။ ဖေဖော်ဝါရီ (၁) ရက် ညက ရွှေကူမြို့မရဲစခန်း လက်နက်ကြီးဖြင့် ပစ်ခတ်ခံရပြီး ပူတာအိုတွင်လည်း တပ်မတော်စခန်းများ တိုက်ခိုက်ခံရကြောင်း ဒေသတွင်းအခြေစိုက် မီဒီယာများတွင် ဖော်ပြသည်။ ၂၀၂၁၊ မတ် ၁၁ ရက်တွင် ဖားကန့်ဇယ်ဇင်း၊ မတ် ၁၂ ရက် တွင် ကာမိုင်း၊ မတ် ၁၅ ရက်တွင် တနိုင်း၊ လီဒိုလမ်းပိုင်းနှင့် မတ်လ ၁၅၊ ၁၆ ရက် များတွင် မြစ်ဆုံအထက်ပိုင်းဒေသများနှင့် ဒေါ့ဖုန်းယန်းမြို့နယ်ခွဲတို့တွင် တပ်မတော်နှင့် KIA တို့ပစ်ခတ်မှုများ ရှိခဲ့ပြီး နောက်ပိုင်းကာလ တိုက်ခိုက်မှုများတွင် PDF များ ပါဝင်ခဲ့သည်။ |
| | | မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ သိမ်းဆည်းထားသည့် သင်ရိုးညွှန်းတမ်းစာအုပ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သည်။ ဖျက်ဆီးမှုကြောင့် "အကယ်ဒမီရွှေစင်" နှစ်ထပ်ကျောင်းဆောင်အတွင်းရှိ စာသင်ခုံအဟောင်း (၂) လုံးနှင့် ကျောင်းသင်ရိုးညွှန်းတမ်း စာအုပ်များ (တန်ဖိုးငွေ ၃ သိန်းကျပ်ခန့်) မီးလောင်ပျက်စီးခဲ့ပြီး ကျောင်းဆောင်အား မီးကူးစက် လောင်ကျွမ်းခဲ့မှု မရှိကြောင်း သိရှိရသည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းနေ ထက်ကိုဦး(ခ)ဂတိုးသည် ဆူပူဆန္ဒပြမှုများတွင် ပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ လက်နက်ခဲယမ်း၊ မိုင်းစသည်တို့ သိမ်းဆည်းသိုလှောင်ထားခြင်းတို့ကြောင့် လည်း |

| | | |
|---|---|---|
| | | ကောင်း၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ(၁)လမ်းနေ ဝေယံထက်(ခ)နိုင်ကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၅) ရပ်ကွက်နေ မျိုးမြင့်မြတ်အောင်(ခ)မျိုးကြီး(ခ)အောင်လေးနှင့် (၄၀) ရပ်ကွက်နေ ဝင်းဇော်မိုး(ခ)မိုးဟိန်း(ခ)Brain Wave တို့သည် တောင်ဥက္ကလာပ ရဲစခန်းကို (၄၀) မမ လောင်ချာဖြင့် ပစ်ခတ်ခဲ့ခြင်းတို့ကြောင့် လည်းကောင်း အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ “ထောင်ဒဏ် တစ်သက်” ချမှတ်လိုက်ကြောင်း သိရသည်။ |
| | | နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခဲ့သူများကို ဆက်လက်ဖော်ထုတ် အရေးယူလျက်ရှိရာ လူပုဂ္ဂိုလ် (၃၃) ဦးအား အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေနှင့် ထပ်မံအမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေး ကော်မတီမှ ထုတ်ပြန်သည်။ |
| | | ရန်ကင်းမြို့နယ် မိုးကောင်းလမ်းနှင့် ရတနာလမ်းထောင့်ရှိ ယာဉ်ထိန်းရဲကင်းတွင် မိုင်းပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ |
| | | ဖေဖော်ဝါရီ (၂) ရက်တွင် ဘီးလင်းမြို့၊ ဗိုလ်တေဇရပ်ကွက် ဘီးလင်း – နတ်ကြီး ကားလမ်းဘေး၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့၍ သွားရောက်စစ်ဆေးရာ တံတားအမှတ်(၁/၄)အနီး လမ်း၏ယာဘက်၌ အကြမ်းဖက်သမား (၁) ဦး လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲပြီး ခန္ဓာကိုယ် အပိုင်းပိုင်းပြတ်ကာ သေဆုံးနေကြောင်း တွေ့ရှိရသည်။ အဆိုပါ နေရာမှ ခါတ်ခဲ အသေးတစ်လုံး၊ ဆားကစ်ပြားတစ်ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီက ထုတ်ပြန်သည်။ |
| ၄။ | ၄. ၂. ၂၀၂၂ | အရေးပေါ်ကာလပြီးဆုံးပါက ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ပြီး နယ်မြေအေးချမ်းရန် လိုအပ်ကြောင်းနှင့် အကြမ်းဖက်မှုရှိနေပါက ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း ရှိမည်မဟုတ်ကြောင်း ကယားပြည်နယ်၊လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပြောကြားခဲ့သည်။ တည်ငြိမ်အေးချမ်းပြီး အကြမ်းဖက်မှု မရှိမှသာ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အစမှ အဆုံး အောင်မြင်နိုင်မည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိပါက ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့များ ပေါ်ထွက်လာနိုင်မည်မဟုတ်ဆိုသည်ကို အယူအဆနှင့် ယုံကြည်မှုလွဲမှားလျက် အကြမ်းဖက်လမ်းစဉ်ကို လျှောက်လှမ်းနေသူများ၊ မြောက်ပင့်ပေးနေသူများ သတိပြုရန် လိုအပ်ကြောင်းလည်း ပြောကြားခဲ့သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၊ ကလေးခရိုင် မင်းကင်းမြို့နယ်တို့တွင် ပြီးခဲ့သည့်ရက်ပိုင်းက လူနေအိမ် အများအပြား မီးရှို့ခံရပြီး အရေးပေါ် အကူအညီများ လိုအပ်နေကြောင်း ဒေသခံများက ပြောကြားခဲ့သည်။ ပုလဲမြို့နယ် မွေ့တုံရွာနှင့် ပန်းရွာကျေးရွာတို့တွင် ဖေဖော်ဝါရီ (၂) ရက်၊ ည ၁ နာရီကျော်က ရွာလုံးကျွတ်နီးပါး မီးရှို့ဖျက်ဆီးခံရခြင်းဖြစ်ပြီး ဇန်နဝါရီ (၃၁) ရက်က ကလေးခရိုင် မင်းကင်းမြို့နယ် ငွေဘင်ကျေးရွာတွင် လူနေအိမ်အများအပြား မီးရှို့ခံခဲ့ရသည်။ မီးရှို့ခံခဲ့ရသည့် ကျေးရွာများမှာ မွေ့တုံကျေးရွာ၊ ပန်းရွာ၊ ငွေဘင်ရွာစသည့် ကျေးရွာများဖြစ်သည်။ |
| | | တောင်ဒဂုံမြို့နယ် သစ်ဆိုင်ကွေ့အနီးရှိ စည်ပင်သာယာရုံး အနောက်ဖက် မြစ်ပယ်လမ်းတွင် ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်းကို ယင်းနေရာအနီး နေထိုင်သူများထံမှ သိရသည်။ ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူ မရှိနိုင်ကြောင်း သိရှိရသည်။ |

| | | |
|---|---|---|
| | | ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ အမှတ် (၅) ရပ်ကွက် ကောင်းနောင်မွန်ရပ် မြို့မဈေးတွင်းသို့ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (PSLF/ TNLA) အဖွဲ့ဝင်အများအပြား လာရောက်ခဲ့ခြင်းကြောင့် တိုက်ပွဲဖြစ်ပွားမည်ကို ဒေသခံများ စိုးရိမ်ခဲ့ကြသည်။ (PSLF/TNLA) အဖွဲ့ဝင်များ နမ့်ခမ်းမြို့လယ်ရှိ မြို့မဈေးသို့ တစ်နာရီနီးပါးကြာဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာသွားခဲ့သော်လည်း ဒေသခံများမှာ ဈေးဆိုင်များပိတ်သိမ်းကာ အိမ်အတွင်း နေထိုင်လျက်ရှိကြပြီး လမ်းမများပေါ်၌ လူသူ အသွားအလာခြောက်ကပ်လျက်ရှိသည်။ |
| ၅။ | ၅. ၂. ၂၀၂၂ | တစ်နိုင်ငံလုံးတွင် တိုက်ပွဲများ ပြင်းထန်လာနိုင်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး ပန်းတိုင်တစ်ခုအောက်တွင် အာဏာရှင်စနစ်ကို အတူတကွ အမြစ်ပြတ်ချေမှုန်းရန် ဖေဖော်ဝါရီ (၅) ရက်တွင် ကျရောက်သည့် ၆၁ နှစ်မြောက် ကချင်တော်လှန်ရေးနေ့ အထိမ်းအမှတ်မိန့်ခွန်းတွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လက ပြောကြားခဲ့ကြောင်း ဒေသတွင်းကချင်မီဒီယာများက ဖော်ပြခဲ့သည်။ နိုင်ငံရေးအကျပ်အတည်း ရှုပ်ထွေးနေမှုကို အခွင့်ကောင်းယူပြီး ကိုယ်ကျိုးစီးပွားရှာသည့် လုပ်ရပ်များကို ရှောင်ရှားရန်၊ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံရေးအမြတ်ထုတ်ခြင်းများကို ရှောင်ရှားရန်၊ KIA အနေဖြင့် လက်ရှိအနေအထားပေါ်မူတည်၍ မြို့ပြတိုက်ပွဲများ ဦးတည်ရမည်ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် သတိဝီရိယဖြင့် နေထိုင်ပြီးစားနပ်ရိက္ခာ စုဆောင်းထားရန်လည်း သတိပေးခဲ့ကြောင်း သိရသည်။ |
| | | လက်ရှိနိုင်ငံရေးအခြေအနေအရ ကချင်လွတ်လပ်ရေးတပ်မတော် (KIO/KIA) နှင့် စစ်ရေး၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများရှိပါက ညီနောင်မဟာမိတ် သုံးဖွဲ့အနေဖြင့် အသင့်ရှိကြောင်း ကချင်တော်လှန်ရေးနေ့ အခမ်းအနားသို့ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (PSLF/TNLA)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNTJP/MNDAA) နှင့် ရခိုင့်တပ်တော် (ULA/ AA) တို့မှ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားသည်။ KIO/KIA မှ ချမှတ်ထားသော မူဝါဒများအမြန်ဆုံး အကောင်အထည်ဖော်နိုင်ပြီး ကချင်တော်လှန်ရေး အောင်မြင်ပါစေကြောင်း၊ ကချင်တစ်မျိုးသားလုံး၏ အဖြစ်ချင်ဆုံးဆန္ဒနှင့် ထပ်တူထပ်မျှကျပါစေကြောင်း၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ပါစေကြောင်းလည်း သဝဏ်လွှာတွင် ဖော်ပြထားသည်။ |
| | | နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် လူပုဂ္ဂိုလ် (၁၁) ဦးအား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၆။ | ၆. ၂. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ကြေညာချက်အမှတ် ၁/၂၀၂၂ ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ဖိတ်ကြားကြောင်း ထုတ်ပြန်သည်။ အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်ဟု မူဝါဒချမှတ်ထားကြောင်း၊ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေး ကော်မတီသည် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် (၁၆) ကြိမ်၊ NCA လက်မှတ် မရေးထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် (၉) ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇) ကြိမ်၊ ဘာသာရေးခေါင်းဆောင် |

| | | |
|---|---|---|
| | | များ၊ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့များနှင့် (၂) ကြိမ်၊ စုစုပေါင်း (၃၄) ကြိမ် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ ဝင်းမနားကျေးရွာရှိ နယ်မြေခံရဲစခန်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား PDF အကြမ်းဖက်သမား အင်အား (၁၅၀) ဦးခန့်က ဝင်ရောက်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ထိတွေ့မှုဖြစ်ပွားခဲ့ပြီး ရေဦးမြို့နယ်၊ တောင်ပြင်ငယ်ကျေးရွာသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ၎င်းတို့သည် ယင်းကျေးရွာ စာသင်ကျောင်းတွင် စခန်းချနေထိုင်၍ ဒေသခံများနှင့် ခရီးသွားများထံမှ အဓမ္မဆက်ကြေး တောင်းခံနေကြောင်း သိရသဖြင့် ထပ်မံဝင်ရောက်စီးနင်းခဲ့ရာ အကြမ်းဖက်များ ထွက်ပြေးသွားခဲ့ပြီး Skat အမျိုးအစား ယာဉ် (၁) စီးနှင့်အတူ လက်နက်ခဲယမ်းများ၊ TNLA တံဆိပ်ပါ ပြောက်ကျားယူနီဖောင်း (၂) စုံနှင့် လက်မောင်းတံဆိပ်မပါ ပြောက်ကျားယူနီဖောင်း (၁၀) စုံ အပါအဝင် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့ရှိ ပုလဲမြို့မရဲစခန်းအား PDF များက ဖေဖော်ဝါရီ (၅) ရက်တွင် ရဲစခန်း၏ အရှေ့ဘက်မှနေ၍ လက်လုပ်စိန်ပြောင်း၊ လက်နက်ငယ်များဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ မြကုန်းကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထွက်ပြေးစဉ် ပုလဲမြို့၊ တောင်ပိုင်းရပ်ကွက်ရှိ ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြလေး၏ နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့ရာ မီးသတ်ယာဉ် (၂) စီး သွားရောက်မီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် (၁၀) လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၇။ | ၇. ၂. ၂၀၂၂ | ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီမှ ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီအထိ COVID-19 ဓာတ်ခွဲနမူနာ ၂၄၈၃၆ ခုအား စစ်ဆေးရာ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၀၈ ဦး တွေ့ရှိပြီး ထပ်မံသေဆုံးသူ မရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ဖေဖော်ဝါရီ (၇) ရက်၊ ည (၈) နာရီအထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၆,၅၄၆,၃၃၇ ခုအား စစ်ဆေးခဲ့ပြီးဖြစ်ကာ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၅၃၈,၄၀၉ ဦး ရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ (၆) ရက်တွင် ဆေးရုံဆင်းခွင့်ရရှိသူ ၁၄၇ ဦးရှိသဖြင့် ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၁၄,၂၂၃ ဦး ရှိပြီဖြစ်သည်။ |
| | | NLD အစိုးရလက်ထက် စီးပွားရေးအကြံပေးပုဂ္ဂိုလ် ရှောင်တာနယ်အား ပြန်လည်လွှတ်ပေးလိုက်ကြောင်း ကြားသိရသည်ဟု ကမ္ဘောဒီယားသတင်းဌာနတစ်ခုက ဖော်ပြခဲ့ရာ ယင်းသတင်း မဟုတ်မှန်ကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောကြားသည်။ "ကမ္ဘောဒီးယားက တောင်းဆိုတာ မဟုတ်ပါဘူး။ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးက ဆက်သွယ်ပြီးတော့ ရှောင်တာနယ်ကို လွှတ်ပေးဖို့ပြောတဲ့အကြောင်း ပြောပေးပါဆိုတော့ သူ့အနေနဲ့ တောင်းဆိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့လည်း ဥပဒေအရ ဆောင်ရွက်နေပါတယ်။ စဉ်းစားပေးပါမယ်။ ဒါပဲအကြောင်း ပြန်ခဲ့တာ ဖြစ်ပါတယ်။" ဟု ၎င်းက ပြောသည်။ ဩစတြေးလျနိုင်ငံသား ရှောင်တာနယ်သည် NLD အစိုးရ၏ စီးပွားရေး အကြံပေး ပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး တပ်မတော်က နိုင်ငံတော် တာဝန်ကို လွှဲပြောင်းရယူပြီးနောက် ၎င်းကို မြန်မာနိုင်ငံ လျှို့ဝှက်အက်ဥပဒေဖြင့် တရားစွဲဆိုထားခြင်းဖြစ်သည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄ ရပ်ကွက် သစ္စာလမ်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားနှစ်ဦးသည် သစ္စာလမ်းရှိ အသုပ်ဆိုင်အတွင်းသို့ ဗုံးပစ်ထည့်ခဲ့သ |

| | | |
|---|---|---|
| | | ဖြင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ ဖေဖော်ဝါရီ (၆) ရက်၊ ညနေပိုင်းကလည်း ဖဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်းရှိ အုပ်ချုပ်ရေးမှူးရုံးတွင် ပေါက်ကွဲမှုတစ်ကြိမ် ဖြစ်ပွားခဲ့သည်။ |
| | | ဖေဖော်ဝါရီ (၆) ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့၊ မြောက်ပိုင်းရပ်ကွက်ရှိ ကျိုက်ထိုမြို့နယ် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးရုံး ခေါင်မိုးပေါ်သို့ လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခံရကြောင်း၊ ဗုံးပေါက်ကွဲမှုကြောင့် အမျိုးသမီးဝန်ထမ်း (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျိုက်ထိုမြို့ခံတစ်ဦးက ပြောကြားသည်။ |
| | | ဇန်နဝါရီ (၂၉) ရက်က ဝမ်းတွင်းမြို့နယ်၊ တဲစုကျေးရွာအတွင်း စစ်ဆေးစဉ် ဆိုင်ကယ်စီးနင်းလာသည့် မသင်္ကာဖွယ်ရာ အမျိုးသား (၃) ဦးသည် ရပ်တန့်ခြင်းမရှိဘဲ သေနတ်ဖြင့် ပစ်ခတ်သောကြောင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးရာ သဲတောလေးရွာနေ ကျော်သက်နှင့် နှင်းမောင်တို့ (၂) ဦးအား ဖမ်းဆီးရမိပြီး ခင်ဘန်းကျေးရွာနေ ညီညီအား အသေဖမ်းဆီးရမိကြောင်း၊ ဖမ်းဆီးရမိသူတို့အား စစ်ဆေးချက်အရ အခြား ဆက်စပ်တရားခံ (၅) ဦးအား လက်နက်ငယ်မျိုးစုံ (၃) လက်၊ ကျည်မျိုးစုံ (၉၆) တောင့်၊ လက်လုပ်ဗုံး (၆) လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံများ၏ ထွက်ဆိုချက်အရ ဝမ်းတွင်းမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် WTRF အဖွဲ့ခေါင်းဆောင် ဝမ်းတွင်းမြို့နယ် NLD ပါတီဝင် စံမင်းအောင်မှ အမိန့်ကစေခိုင်းလျက်ရှိပြီး အကြမ်းဖက် ဖောက်ခွဲသတ်ဖြတ်မှု ပြုလုပ်သူများအား ငွေငါးသောင်းကျပ်ဖြင့် စေခိုင်းခဲ့ကြောင်း၊ ထိုအဖွဲ့သည် အကြမ်းဖက်ဖောက်ခွဲမှု (၃)ကြိမ်၊ သံဃာတော်များနှင့် ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု (၁၇) ကြိမ် ကျူးလွန်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | Facebook အကောင့်များ အသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် မန္တလေးမြို့နေ (၂) ဦး၊ ရန်ကုန်မြို့နေ (၂) ဦးတို့အားလည်းကောင်း၊ ဖေဖော်ဝါရီလ (၁) ရက်တွင် ဆိုင်ပိုမှန် ဖွင့်လှစ်ခြင်းမရှိဘဲ အသံတိတ်သပိတ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် "မိဘမေတ္တာ" ဆေးဆိုင်ပိုင်ရှင် မွန်ပြည်နယ်၊ သိမ်ဇရပ်မြို့မှ (၁) ဦးတို့အား တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အရေးယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၈။ | ၈. ၂. ၂၀၂၂ | နိုင်ငံရေးပါတီ (၂၆) ပါတီမှ ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်ကြေညာရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထာဝရ ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ကြောင်းနှင့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ ဖိတ်ကြားကြောင်း ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းဖိတ်ခေါ်ချက်သည် ဒီမိုကရေစီ၊ ဖက်ဒရယ်အရေးတို့နှင့် ပတ်သက်ပြီး သက်ဆိုင်သူအားလုံးပါဝင်ကာ တရားဝင်ဆွေးနွေးပြောဆိုနိုင်မည့် ထာဝရငြိမ်းချမ်းရေး အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ရန် အာမခံထားကြောင်း၊ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းအစား စားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာရေး အာမခံချက်ဖြစ်သည်ဟုလည်း ရှုမြင်ကြောင်း၊ ဤဖိတ်ခေါ်ချက်ကို မိမိတို့ နိုင်ငံရေးပါတီများမှ ကြိုဆိုကြောင်း၊ သို့ပါ၍ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်ခြင်း၊ ဆွေးနွေးဖလှယ်ခြင်းတို့ ပြုလုပ်ကြပါရန် အလေးအနက်တိုက်တွန်းကြောင်း ဖော်ပြပါရှိသည်။ |
| | | ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ COVID – 19 ရောဂါ ဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။ မြန်မာနိုင်ငံ |

| | | |
|---|---|---|
| | | တွင် COVID – 19 ပိုးတွေ့ရှိမှု ပြန်လည်မြင့်တက်နေပြီး ရက်ပေါင်း (၁၅) ရက်အထိ သေဆုံးသူ မရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် COVID – 19 မျိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးကို ၂၀၂၁၊ ဒီဇင်ဘာ (၂၈) ရက်တွင် စတင်တွေ့ရှိခဲ့ပြီး ကယ်ဆယ်ရေး လေယာဉ်ဖြင့် ယူအေအီးနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ မြန်မာနိုင်ငံသား (၄) ဦးတွင် တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ |
| | | မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယက္ကန်းတော်ရပ်၊ ရေကြည်ပေါက် အုပ်စုနေ ဦးဒွေးကြည် (၅၀) နှစ်ခန့်သည် ဆင်ရွာမြင်းမှူး ကျေးရွာမှ အမြန်လမ်း၊ မိုင်တိုင် (၃၆၁/၄) အတက်လမ်းပေါ်တွင် ဆိုင်ကယ်ခေတ္တရပ်နားစဉ် အမည်မသိ အမျိုးသား (၆) ဦး ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးဒွေးကြည်တွင် ကျည်ဖောက်ဝင်ဒဏ်ရာ (၁၂) ချက် ရရှိကာ သေဆုံးခဲ့သည်။ |
| | | ဖေဖော်ဝါရီလ (၇) ရက်က မြိုင်မြို့နယ်၊ ကွမ်းတောကျေးရွာရှိ "မင်္ဂလာသီရိ" ဘုန်းကြီးကျောင်းမှ ဆရာတော် ဦးစန္ဒိမာ သက်တော် (၃၉) နှစ်၊ ဝါတော် (၁၉) ဝါသည် ကွမ်းတောကျေးရွာနေ ဦးဆယ်ဘော (၃၇)နှစ် မောင်းနှင်သည့် ခဲရောင်မော်တော်ယာဉ်ဖြင့် မြိုင်မြို့ ကျောင်းတိုက်သို့ ပုသိမ် – မုံရွာ ကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ ငပွဲကျေးရွာနှင့် အလယ်ကန်ကျေးရွာကြား မိုင်တိုင်အမှတ် ၄၀၆ အနီး အရောက်၌ PDF များက လမ်း၏ဝဲဘက်မှ လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ဆရာတော် ဦးစန္ဒိမာနှင့် ဦးဆယ်ဘောတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြပြီး ဆရာတော်မှာ ဒဏ်ရာကြောင့် ပခုက္ကူမြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသနေစဉ် ပျံလွန်သွားခဲ့သည်။ |
| | | တာမွေမြို့နယ် ၁၅၆ လမ်းထိပ်ရှိ Mytel အရောင်းဆိုင်တွင် ပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့သည်။ Mytel အရောင်းဆိုင်ရှေ့တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဆိုင်ရှေ့ရှိမီးစက် အနည်းငယ် ပျက်စီးခဲ့ကြောင်း၊ ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လာရောက်စစ်ဆေးခဲ့သည်။ အဆိုပါ အရောင်းဆိုင်သည် ၂၀၂၁ ခုနှစ် အတွင်းကလည်း ပေါက်ကွဲမှု တစ်ကြိမ် ဖြစ်ပွားခဲ့ဖူးသည်။ |
| ၉။ | ၉. ၂. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စိုက်ပျိုးရေးတောင်သူများအား မကွေးမြို့၊ မြို့တော်ခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးခဲ့သည်။ ဒေသတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဃာတတရားများ၊ အငြိုးအတေးများ မရှိစေရေးအတွက် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ပညာသင်ကြားရေး၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးတက်စေရေး စသည်ဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးမြို့၊ ပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံ ဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး (၃) ထပ် ကုသဆောင်အား ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်း (၃) ထပ်ကုသဆောင်ကြီးအား ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ပူးပေါင်းဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ |
| | | ဖေဖော်ဝါရီ (၈) ရက်၊ ည ၈ နာရီမှ ဖေဖော်ဝါရီ (၉) ရက်၊ ည ၈ နာရီအတွင်း ခေတ်ခဲ့ |

| | | |
|---|---|---|
| | | နမူနာ စုစုပေါင်း (၂၃၇၃၈) ခုအား စစ်ဆေးရာတွင် ခာတ်ခွဲအတည်ပြု လူနာသစ် (၁၀၄၃) ဦး တွေ့ရှိခဲ့ပြီး ဆေးရုံမှဆင်းခွင့်ရရှိသူ (၁၇၃) ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဖေဖော်ဝါရီ (၃) ရက်အထိ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအနက် အိုမီခရွန်ပိုး တွေ့ရှိသူ (၃၄၈) ဦး ရှိပြီဖြစ်ကြောင်းလည်း သိရသည်။ |
| ၁၀။ | ၁၀. ၂. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကိုလည်း စိန်ရတုပြည်ထောင်စုနေ့သို့ တက်ရောက်ရန်နှင့် ထာဝရငြိမ်းချမ်းရေး အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံကြောင်း ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းကြီး YMBA အပါအဝင် မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့် ပန်းချီပန်းပု အစည်းအရုံး (ဗဟို) တို့က သဘောထား ကြေညာချက် ထုတ်ပြန်ခဲ့သည်။ |
| | | နိုင်ငံရေးနှင့် ဆက်နွယ်မှုရှိသည်ဆိုကာ မဟာလူမှုကယ်ဆယ်ရေးအသင်း ချိပ်ပိတ်ခံရပြီး အသင်းသား (၈) ဦး ဖမ်းဆီးခံရကြောင်း ယင်းအသင်းက ထုတ်ပြန်သည်။ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် မဟာလူမှုကယ်ဆယ်ရေးအသင်း ရုံးခန်းနေရာ အဆောက်အဦတို့အား ချိတ်ပိတ်ခဲ့ခြင်းဖြစ်ပြီး "အကြမ်းဖက်အုပ်စု PDF နှင့် ပတ်သက် ဆက်စပ်နေသောကြောင့် နိုင်ငံပိုင်သိမ်းဆည်းမြေ ဖြစ်ပါသည်။ မကျူးကျော်ရ။ ရောင်းဝယ်ခြင်းမပြုရ" ဟူသော စာများကပ်ပြီး သော့ခတ်ချိတ်ပိတ်ခဲ့ခြင်း ဖြစ်သည်။ မန္တလေးမြို့တွင် ဖေဖော်ဝါရီ (၉) ရက်နှင့် (၁၀) ရက်၌ မဟာအောင်မြေနှင့် အောင်မြေသာစံမြို့နယ်တို့၌ ညေ့စာရင်းအပါအဝင် လုံခြုံရေးအရ စစ်ဆေးမှုများကို အိမ်တိုင်းစေ့နီးပါး ပြုလုပ်နေပြီး ဖမ်းဆီးခံရသူများလည်း ရှိသည်။ |
| | | ကမ္ဘာ့စတုတ္ထအကြီးဆုံး ထိုင်ဝမ်အခြေစိုက် ပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီကြီးဖြစ်သော Evergreen Marine သည် ရန်ကုန်မြို့ရှိ တပ်မတော်ပိုင် ထီးတန်းဆိပ်ကမ်းကို အသုံးပြုတော့မည် မဟုတ်ကြောင်း ဗြိတိန်အခြေစိုက် Burma Campaign အဖွဲ့ထံ အကြောင်းကြားခဲ့သည်ဟု Eleven Media တွင် ဖော်ပြသည်။ Evergreen သည် ၂၀၂၀၊ မေလက ထုတ်ပြန်သည့် တပ်မတော်နှင့် ဆက်နွယ်နေသည့် ကုမ္ပဏီများစာရင်း Dirty List တွင် ထည့်သွင်းခံခဲ့ရပြီး ယခုအဆိုပါစာရင်းမှ ဖယ်ရှားလိုက်ပြီ ဖြစ်သည်။ Maersk ကုမ္ပဏီသည်လည်း ၂၀၂၀၊ အောက်တိုဘာက တပ်မတော်ပိုင် ဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချ ပြုလုပ်မှုများကို ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည်။ ရန်ကုန်မြို့တွင် တပ်မတော်၏ စီးပွားရေးကော်ပိုရေးရှင်းများက လည်ပတ်နေသည့် ဆိပ်ကမ်း (၃) ခုရှိပြီး ယင်းတို့မှာ ထီးတန်းဆိပ်ကမ်း၊ အလုံ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် TMT ဆိပ်ကမ်း တို့ဖြစ်သည်။ |
| | | မြန်မာနိုင်ငံမှ ပြည်သူများအတွက် ဂျပန်နိုင်ငံက လူသားချင်းစာနာမှု အထောက်အကူအဖြစ် အမေရိကန်ဒေါ်လာ (၁၈) သန်းခွဲ ထောက်ပံ့ပေးအပ်သွားမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဟာရရှိ ရိုရှီမာစာ (Hayashi Yoshimasa) က သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးကျဆင်းမှုများကြောင့် မြန်မာပြည်သူများ နေ့စဉ် စားဝတ်နေရေး လိုအပ်ချက်ကို ပြည့်မီနိုင်ခြင်း မရှိသည့်အတွက် ယခုလိုပေးအပ်ခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ |

| | | |
|---|---|---|
| | | ဖေဖော်ဝါရီ (၉) ရက်မှ (၁၀) ရက်အတွင်း COVID–19 ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၃၁၁ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၀၇ ဦး တွေ့ရှိရကြောင်း၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၅ ဒသမ ၃၈ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ဖေဖော်ဝါရီ (၁၀) ရက်တွင် COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိကြောင်းသိရသည်။ |
| | | ပြည်တွင်းနိုင်ငံရေး ပါဝင်ပတ်သက်နေသော နိုင်ငံများ၏အရေးတွင် မိမိတို့ အကူအညီပေးလိမ့်မည်မဟုတ်ဟု အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (အင်တာပိုလ်) က ထုတ်ပြန်ခဲ့သည်။ မြန်မာ့တပ်မတော်က အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ထံ အကူအညီတောင်းခံခဲ့ပြီး ရက်ပိုင်းအတွင်း ယင်းသို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်မှု တိုက်ဖျက်ရာတွင် မြန်မာနိုင်ငံနှင့်အတူ ဆောင်ရွက်ရန် နိုင်ငံတကာ လုံခြုံရေးအဖွဲ့အစည်း အသီးသီးကို တောင်းဆိုကြောင်း ဖေဖော်ဝါရီ (၈) ရက်တွင် မြန်မာ့နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီး NUG အပါအဝင် အစိုးရဆန့်ကျင်သူများ၏ လုပ်ရပ်များကို ကိုးကားဖော်ပြခဲ့သည်။ |
| | | ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင်နှင့် ကန်ချနာဘူရီခရိုင်အတွင်း တရားမဝင် ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား (၂၃၀) ဦး ထပ်မံဖမ်းဆီးခံရကြောင်း ထိုင်းနိုင်ငံ မီဒီယာများတွင် ဖော်ပြသည်။ မြန်မာနိုင်ငံသားများကို ပရာကျွတ်ခီရီခံခရိုင်နှင့် ကန်ချနာဘူရီခရိုင်များတွင် နေရာ (၇) နေရာခွဲပြီး ဖမ်းဆီးခဲ့ကြောင်း၊ ထိုင်းနိုင်ငံသား လမ်းပြများနှင့်အတူ ဖမ်းဆီးမိကြောင်း သတင်းထုတ်ပြန်သည်။ |
| ၁၁။ | ၁၁. ၂. ၂၀၂၂ | အကြမ်းဖက်သမားများသည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မရမ်းကျေးရွာ၊ မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာဘူတာ အကြားရှိ ရန်ကုန် – မော်လမြိုင် ရထားလမ်း သံလမ်းကူးတံတားနှင့် ပေ ၂၀ ခန့်အကွာမှ လက်လုပ်မိုင်း (၁) လုံး၊ တံတားနှင့် (၈) ပေခန့်အကွာ သံလမ်းမှ လက်လုပ်မိုင်း (၂) လုံးတို့ တစ်ပြိုင်တည်းဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် ဇလီဖားတုံး (၁၁) တုံး ပျက်စီးခဲ့သဖြင့် မီးရထားများ ဖြတ်သန်းသွားလာခြင်း ရပ်ဆိုင်းထားခဲ့ရကြောင်း သိရှိရသည်။ |
| | | CRPH၊ NUG တို့၏ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့ပြီး Facebook အကောင့်များ အသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့သည့် Facebook အသုံးပြုသူ (၅) ဦးအား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အရေးယူခြင်း ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၁၂။ | ၁၂. ၂. ၂၀၂၂ | တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့အနေဖြင့် ဆူပူအကြမ်းဖက်မှုများကို လက်ခံအားပေး ပူးပေါင်းလုပ်ဆောင်နေခြင်းများ ရပ်တန့်ပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် NCA လမ်းကြောင်းပေါ် လှမ်းခဲ့ကြရန် ဖိတ်ခေါ်ကြောင်း၊ လက်ရှိအခြေအနေအပေါ်တွင် အစွဲကင်းကင်း၊ သံသယကင်းကင်းဖြင့် အရှိကို အရှိအတိုင်း ရှုမြင်သုံးသပ်ကြရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်တွင် အယူအဆ မတူခြင်း၊ သဘောထား ကွဲလွဲခြင်းများကို လက်ခံရမည်ဖြစ်သော်လည်း လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲစသည့် ဆူပူအကြမ်းဖက်မှုများကို လက်ခံနိုင်စရာမရှိကြောင်း၊ နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များမှ ကာကွယ်ရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်ပါက ကူညီဆောင်ရွက်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေက ပေးအပ်သည့်တာဝန်ကို တပ်မတော်က ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စသဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၅) နှစ်မြောက် |

| | | |
|---|---|---|
| | | စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။ |
| | | (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရာဇဌာနီလမ်းမကြီးပေါ်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပခဲ့ပြီး NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့နှင့် NCA မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၄) ဖွဲ့ တက်ရောက်သည်။ NCA ထိုးပြီးအဖွဲ့များတွင် ALP မှ ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း၊ DKBA ကွပ်ကဲရေးမှူး(၂) စောဘငြိမ်း၊ KNU ဒူးပလာယာခရိုင်ဥက္ကဋ္ဌ ပဒိုစောရွှေမောင်း၊ KNU/KNLA–PC မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဇော်ကပေါ်ထူး၊ NMSP မှ ဗဟိုကော်မတီဝင် နိုင်အမ်စိုက်ချမ်း၊ LDU မှ တွဲဖက်အတွင်းရေးမှူး(၂) ကျာယာကုပ်၊ RCSS မှ ဗဟိုဦးစီးကော်မတီဝင် လွန့်ဆန်တို့ဖြစ်ကြပြီး NCA မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် (၄) ဖွဲ့မှ ကိုယ်စားလှယ်များမှာ မိုင်းလားအဖွဲ့ (NDAA) မှ ဌာနကြီးမှူး ဦးစိုင်းမောက်၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) မှ ဗဟိုကော်မတီဝင် စိုင်းနော်လိတ်၊ “ဝ” သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) မှ လားရှိုးဆက်ဆံရေးရုံး တာဝန်ခံ ဦးညီရမ်း၊ ရခိုင်အမျိုးသားအဖွဲ့ချုပ် (ULA) မှ နိုင်ငံရေးမှူး ဦးဦးလှစောတို့ တက်ရောက်ခဲ့ကြသည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်အမှတ် ၁၄/၂၀၂၂ ဖြင့် ဘားအံအကျဉ်းထောင်တွင် အကျဉ်းကျခံနေသည့် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါ်နန်းခင်ထွေးမြင့်အား ၎င်းကျခံရမည့် ပြစ်ဒဏ်များ၏ ထက်ဝက်ကာလအား လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း ကြေညာချက် ထုတ်ပြန်သည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အနေဖြင့် အကျဉ်းသား (၈၁၄) ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုကြောင်း အမိန့်အမှတ် ၁၅/၂၀၂၂ ဖြင့် ထုတ်ပြန်ကြေညာသည်။ ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့်အပြင် စည်းကမ်းကောင်းမွန်စွာ နေထိုင်သော အကျဉ်းသားများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁(၁)အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်ကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမိန့်အမှတ် ၁၆/၂၀၂၂ ဖြင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးထား၍လည်းကောင်း၊ စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အနေဖြင့်လည်းကောင်း အင်းစိန်အကျဉ်းထောင်မှ သီရိလင်္ကာနိုင်ငံသား (၇) ဦးကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း ထုတ်ပြန်သည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အမိန့်အမှတ် ၁၇/၂၀၂၂ ဖြင့် AA အဖွဲ့ဝင်များနှင့် ဆက်စပ်သူ (၄၆) ဦး၏ စစ်ဆေးကြားနာဆဲ အမှုများကို ပိတ်သိမ်း၍ လွတ်ငြိမ်းခွင့်ပေးလိုက်ကြောင်း ထုတ်ပြန်သည်။ |
| | | ၂၀၂၂ ခုနှစ်အစတွင် အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှု အခြေအနေ ဆုတ်ယုတ်လာသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်တွင် ထုတ်ပြန်သည့် IHS Markit အာဆီယံထုတ်လုပ်မှု PMI အညွှန်းကိန်း (Manufacturing Purchasing Manager’s Index) စစ်တမ်းတွင် ဖော်ပြထားသည်။ အဆိုပါစစ်တမ်းကို အာဆီယံဒေသတွင်းရှိ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ |

| | | |
|---|---|---|
| | | ဗီယက်နမ်၊ မြန်မာစသည့် (၇) နိုင်ငံမှ အဓိကကောက်ယူခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလတွင် အာဆီယံ၏ ကုန်ထုတ်လုပ်မှု PMI အညွှန်းကိန်းသည် ၅၂ ဒသမ ၇ မှာ ရှိပြီး လေးလမြောက် ဆက်တိုက်တိုးတက်လာနေကြောင်း ဖော်ပြထားသည်။ သို့သော် အာဆီယံနိုင်ငံများအနက် မြန်မာနိုင်ငံသည် ၂၀၂၂ ခုနှစ်အစ ဇန်နဝါရီလတွင် ထုတ်လုပ်မှု အခြေအနေများ ဆုတ်ယုတ်လာကြောင်း မှတ်တမ်းဝင်ခဲ့သည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ ၂၀၂၂ ခုနှစ်အစ မြန်မာနိုင်ငံ ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် လုပ်ကိုင်မှု အခြေအနေများ ပိုမိုမြန်ဆန်စွာ ဆုတ်ယုတ်လာခဲ့ပြီး (၁၇) လ ဆက်တိုက် အပြောင်းအလဲမရှိ အမှတ် (၅၀) အောက်တွင်သာ ရှိနေသေးကြောင်း ဖေဖော်ဝါရီ (၁) ရက်တွင် ထုတ်ပြန်သည့် စစ်တမ်းတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှု PMI အညွှန်းကိန်းမှာ ၄၈ ဒသမ ၅ သာ ရှိသည်။ |
| | | ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံနှင့် ပင်းတယတို့တွင် သေနတ်ဖြင့် ပစ်သတ်ခံရသည့်ဖြစ်စဉ်များ ဖြစ်ပွားနေပြီး သေဆုံးသူ သုံးဦးထက်မနည်း ရှိပြီဖြစ်သည်။ ဖေဖော်ဝါရီလ (၁၀) ရက်က ပင်းတယမြို့နယ် အုံအက်ကျေးရွာမှ သာစည်မြို့နယ် သဲဖွတ်ရွာရှင်ပြုပွဲသို့ သွားရောက်သည့် ဆိုင်းဆရာ ဦးစိန်ကျော်ဝင်းသည် သေနတ် (၄) ချက်ပစ်ခံရကာ သေဆုံးခဲ့ပြီး ပင်းတယ ညောင်ကောက်ရွာမှ အမျိုးသားတစ်ဦးသည် ရွာငံလယ်ကိုင်းပွဲမှ ပြန်လာစဉ် အလယ်ချောင်ရွာ အရှေ့ဘက်၌ ကားကို တား၍ သေနတ်ဖြင့် တွေ့ပစ်ခံရသဖြင့် သေဆုံးခဲ့ရကာ ဖေဖော်ဝါရီ (၈) ရက်ကလည်း နွားဘန်းကြီးတောင်ရွာမှ အမျိုးသားတစ်ဦးသည် ၎င်း၏နေအိမ်၌ ရှိနေစဉ် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း Eleven Media တွင် ဖော်ပြသည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်နေ မြင့်ဇော် (ခ) မြင့်ဇော်မြင့်သည် ၂၀၂၁၊ ဖေဖော်ဝါရီမှ ဒီဇင်ဘာအတွင်း ဆူပူဆန္ဒပြ သောင်းကျန်းမှုများတွင် ပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကြောင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀(ည)အရ ဖေဖော်ဝါရီ (၁၁) ရက်တွင် "ထောင်ဒဏ် တစ်သက်" အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။ |
| | | Facebook အကောင့်များ အသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့မှ Facebook အသုံးပြုသူ (၁၁) ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ (၂) ဦးတို့အား တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အရေးယူခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၁၃။ | ၁၃. ၂. ၂၀၂၂ | နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့သည်။ ကောင်စီဥက္ကဋ္ဌက အစိုးရ၏ နိုင်ငံရေးလုပ်ငန်းစဉ်များမှာ ပထမအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါများရန်၊ ဒုတိယအချက်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်ရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်၊ တတိယအချက်အနေဖြင့် နိုင်ငံ၏ဓနအင်အား တိုးတက်လာချိန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာချိန်၊ နိုင်ငံရေးအရ တည်ငြိမ်မှုရှိလာချိန်တွင် နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝ အကာအကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်ကို ပြည်တွင်း |

| | | |
|---|---|---|
| | | အားဖြင့် တည်ဆောက်၍ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် ဆောင်ရွက်ရန်၊ တစ်ပါးသူများကို လိုအပ်သည်ထက် ပိုမိုအားကိုးနေခြင်းထက် မိမိကိုယ်ကိုရပ်တည်ပြီး ကြိုးစားဆောင်ရွက်မှသာ နိုင်ငံတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်းအားဖြင့်သာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ |
| | | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ အလွတ်သဘော တွေ့ဆုံဆွေးနွေးကြသည်။ တွေ့ဆုံရာတွင် နှစ်ဖက်ဆက်လက်တွေ့ဆုံ ညှိနှိုင်းရေးကိစ္စများ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းကိစ္စများနှင့် ပတ်သက်ပြီး ကော်မတီဥက္ကဋ္ဌ၏ ဆွေးနွေးပြောကြားချက်များကို တက်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၉) ဖွဲ့မှ ကိုယ်စားလှယ်များက တစ်ဖွဲ့ချင်းစီ၏ သဘောထားများကို အလွတ်သဘော ပြန်လည်ဆွေးနွေးခဲ့ကြကြောင်းနှင့် ညှိနှိုင်းရေးကော်မတီသည် တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အားလုံးနှင့် သီးခြားစီတွေ့ဆုံကာ နယ်မြေတည်ငြိမ် အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ |
| | | အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်စပ်သည်ဟုဆိုကာ မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ စားသောက်ဆိုင်နှင့် နေအိမ်တချို့အား သက်ဆိုင်ရာက ချိပ်ပိတ်သွားခဲ့သည်။ သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ ဦးစောကျော်မိုး ပိုင်ဆိုင်သည့် Second Café Garden စားသောက်ဆိုင်၊ သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ဦးဇော်မင်းသန့် ပိုင်ဆိုင်သည့် Peace Garden စားသောက်ဆိုင်နှင့် ကိုအောင်ကျော်ဌေး ပိုင်ဆိုင်သော နေအိမ်တစ်လုံးတို့ကို ချိပ်ပိတ်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။ |
| | | ကချင်ပြည်နယ်၊ ဖားကန့်မြို့ပေါ်ရှိ စုပေါင်းရုံးအောက် ဆိုင်းဘုတ်အနီးတွင် မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးတွေ့ရှိခဲ့ကြောင်း၊ တပ်မတော် ဗျူဟာကုန်း အောက်လမ်းဆုံရှိ ရုပ်တုအောက်တွင် မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဖားကန့်၊ ဗန်းမော်၊ ရွှေကူ၊ မိုးညှင်း၊ နမ္မားစသည့် မြို့ရွာများတွင် မိုင်းပေါက်ကွဲမှုများ ဆက်တိုက် ဖြစ်ပေါ်နေသည်။ |
| | | ၂၀၂၁-၂၂ ဘိန်းခင်းရာသီတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းမှ ဘိန်းစိုက်ဧက (၄၇) ဧက ဖျက်ဆီးထားကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့၏ မှတ်တမ်းများအရ သိရသည်။ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးအခြေအနေ ပြောင်းလဲမှုကြောင့် ကချင်ပြည်နယ်တွင် ဘိန်းစိုက်ပျိုးမှု ရုတ်တရက် ပြန်လည်မြင့်တက်ခဲ့သည်။ လက်ရှိတွင် ဘိန်းဟောင်း (နှစ်ကျပ်ခွဲသား) လျှင် ကျပ်သုံးသောင်းဝန်းကျင်ရှိပြီး ဘိန်းသစ်မှာ အဟောင်းနှင့် ကျပ် (၅၀၀၀)ဝန်းကျင်ထိ ကွာဟမှုရှိကြောင်း သိရသည်။ ကချင်ပြည်နယ်ရှိ မြို့နယ် (၁၀) မြို့နယ်တွင် ဘိန်းစိုက်ပျိုးမှုများရှိနေပြီး ကန်ပိုင်တည်၊ ဆဒုံး၊ တနိုင်း၊ ဖားကန့်၊ ပန်ဝါ၊ ချီဖွေ၊ ဗန်းမော်ခရိုင်၊ ဆွမ်ပရာဘွမ်နှင့် ပူတာအိုခရိုင်တို့တွင် စိုက်ပျိုးနေကြသည်။ |
| | | မြိတ်မြို့တွင် နှစ်ရက်အတွင်း ကိုဗစ်ပိုးရှိသူ ၁၃၅ ဦး စစ်ဆေးတွေ့ရှိပြီး အများစုမှာ ရန်ကုန်မှ လာရောက်သူများဖြစ်သည်။ ဖေဖော်ဝါရီလ (၁၁) ရက်က သဲအင်းဂူရိပ်သာကျောင်းသို့ ရောက်ရှိလာသူများကို စစ်ဆေးရာ ၇၂ ဦးတွင် ပိုးကူးစက်ခံထားရသည်ကို တွေ့ရပြီး ဖေဖော်ဝါရီလ (၁၂) ရက်တွင် သဲအင်းဂူရိပ်သာကျောင်း၌ စုစုပေါင်း (၄၇) ဦး စစ်ဆေးတွေ့ရှိခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်မှ ကော့သောင်းသို့ လေကြောင်း |

| | | |
|---|---|---|
| | | လိုင်းဖြင့် လိုက်ပါလာသူ များကို စစ်ဆေးရာ ကိုဗစ်ကူးစက်ခံထားရသူများ ပါလာသဖြင့် လေယာဉ်တစ်စင်းလုံး Quarantine ဝင်ကြရသည်။ |
| | | မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၌ PDF အကြမ်းဖက်သမားများက အခြေခံပညာ အထက်တန်းကျောင်းခွဲဝင်းအတွင်းရှိ ဆရာ၊ ဆရာမများ နေထိုင်ရန် ဆောက်လုပ်ထားသည့် နေအိမ်လိုင်းခန်း (၁) လုံးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် သက်ကယ်မိုး၊ ပျဉ်ခင်း၊ ဝါးကာ နေအိမ်လိုင်းခန်း (၁) လုံး (တန်ဖိုးငွေ ၃၀၀၀၀၀၀ ကျပ်ခန့်) မီးလောင် ဆုံးရှုံးခဲ့သည်။ |
| ၁၄။ | ၁၄. ၂. ၂၀၂၂ | ဖေဖော်ဝါရီ (၁၇) ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ရာ အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများက ၂၀၂၁၊ အောက်တိုဘာ (၁၅) ရက်က ကျင်းပခဲ့သည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အရေးပေါ်အစည်းအဝေးတွင် ယခင်အလှည့်ကျဥက္ကဋ္ဌ တစ်ဖက်သတ်ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုသာ ယခုအစည်းအဝေးသို့ ဖိတ်ကြားသွားရန် ဆုံးဖြတ်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားသည်ကို တွေ့ရကြောင်း၊ ထိုဆုံးဖြတ်ချက်သည် အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲရေး မူကြီး (၅) ချက်၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် မြန်မာနိုင်ငံခြားရေး မူဝါဒတို့နှင့် သွေဖည်နေသည့်အတွက် ယမန်နှစ်က ကျင်းပခဲ့သည့် (၃၈) ကြိမ်နှင့် (၃၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများတွင် ပါဝင်တက်ရောက်နိုင်မှု မရှိခဲ့ကြောင်း၊ ယခုကျင်းပမည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့လည်း မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ပုဂ္ဂိုလ်ကိုလည်း စေလွှတ်တက်ရောက်စေနိုင်မည် မဟုတ်ကြောင်း ဖော်ပြပါသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။ |
| | | မွန်အမျိုးသားနေ့ရောက်တိုင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် အာဏာရရှိထားသည့် အစိုးရအဆက်ဆက်အား တင်ပြတောင်းဆိုခဲ့သော်လည်း အသိအမှတ်ပြုခြင်း မရှိခဲ့သောကြောင့် ယခုအချိန်တွင် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးယူထိုက်ပြီဖြစ်ကြောင်း မွန်ပြည်သစ်ပါတီက ဖေဖော်ဝါရီ (၁၀) ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ကာ တိုက်တွန်းနှိုးဆော်ခဲ့သည်။ သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲ လပြည့်ကျော် (၁) ရက်တွင် သမလမင်းနှင့် ဝိမလမင်းညီနောင်နှစ်ပါးမှ ဟံသာဝတီ ထီးနန်းကို စတင်တည်ထောင်ခဲ့ပြီး တပို့တွဲလပြည့်ကျော် ၁ ရက်ကို မွန်အမျိုးသား အားလုံးက နေ့ထူးနေ့မြတ် 'မွန်အမျိုးသားနေ့' ဟု သတ်မှတ်ခဲ့ရာ ယခုနှစ်တွင် ၇၅ ကြိမ်မြောက် စိန်ရတုနှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ |
| | | ဖေဖော်ဝါရီ (၁၃) ရက်၊ ည ၈ နာရီမှ (၁၄) ရက် ည ၈ နာရီအထိ COVID – 19 ဓာတ်ခွဲ နမူနာ ၂၃၈၇၄ ခုအား စစ်ဆေးရာ အတည်ပြုလူနာသစ် ၁၅၈၆ ဦး တွေ့ရှိပြီး တစ်ဦး သေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။ မြန်မာနိုင်ငံတွင် COVID–19 ကြောင့် သုံးပတ်အထိ သေဆုံးသူ မရှိသော်လည်း ပိုးတွေ့ရှိမှု (၇) ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာကြောင်း၊ ဖေဖော်ဝါရီ (၁) ရက်တွင် ၂ ဒသမ ၁၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ဖေဖော်ဝါရီ (၁၃) ရက်တွင် ၇ ဒသမ ၀၆ ရာခိုင်နှုန်း ရှိခဲ့သည်။ ဇန်နဝါရီ (၂၄) ရက်မှ ဖေဖော်ဝါရီ (၁၃) ရက်အထိ သေဆုံးသူ မရှိခဲ့ပေ။ မြန်မာ – ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဖေဖော်ဝါရီ (၅) ရက်က ဝင်ရောက်လာသော |

| | | |
|---|---|---|
| | | မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉၉ ဦးအနက် ၁၀၁ ဦးတွင် COVID – 19 ရောဂါ ပိုးတွေ့ရှိခဲ့သည်။ |
| | | Facebook အကောင့်များ အသုံးပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦးတို့ကို တရားဥပဒေနှင့်အညီ အမှုဖွင့်လှစ်အရေးယူခဲ့ကြောင်း ထုတ်ပြန်သည်။ |
| | | မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းဝန်းအတွင်း ဥသာလမ်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ယင်းအဝေးပြေးယာဉ်ဝန်းအတွင်း နေထိုင်သူများထံမှ သိရသည်။ ဥသာလမ်းရှိ High Class အဝေးပြေးယာဉ်ဂိတ်ရှေ့ ရပ်ထားသည့် ကုန်ပစ္စည်း သယ်ယူပို့ဆောင်သည့် ကားပေါ်မှ ပါဆယ်ထုတ် ပေါက်ကွဲခြင်းဖြစ်ပြီး အမျိုးသားတစ်ဦး ပွန်းပဲ့ဒဏ်ရာ ရရှိခဲ့သည်။ |
| ၁၅။ | ၁၅. ၂. ၂၀၂၂ | ဂျပန်နိုင်ငံခြားရေးဝန်ကြီး Yoshimasa Hayashi နှင့် ကမ္ဘောဒီးယား ဒုတိယဝိုလ်ချုပ်ကြီး Hun Manet တို့ တိုကျိုၙ တွေ့ဆုံခဲ့ကြသည်။ အနှစ် ၇၀ နီးပါး သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် ဂျပန်နှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေး ခိုင်ခိုင်မာမာရှိကြောင်းနှင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာအရေးကိစ္စများတွင် အနီးကပ်ပူးပေါင်း ဆောင်ရွက်နေကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး Yoshimasa Hayashi က ပြောဆိုသည်။ အင်ဒို – ပစိဖိတ်ဒေသကို လွတ်လပ်စွာသွားလာနိုင်သည့် ဒေသတစ်ခုဖြစ်ရေး ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်၏ အခိုင်အမာ ထပ်တလဲလဲ အာမခံထားချက်နှင့် ညွှန်ကြားချက်များအတွက် ကျေးဇူးတင်ရှိပါကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး Yoshimasa Hayashi က ဆိုသည်။ |
| | | ပုလဲမြို့နယ်၊ အင်မထီးကျေးရွာ မူလတန်းလွန်ကျောင်းသို့ PDF အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ကျောင်း၏ဘေးပတ်လည်မှ ပစ်ခတ်တိုက်ခိုက်ရာ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရကြောင်းနှင့် ပုလဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ အလယ်တန်းကျောင်းသို့ PDF အဖွဲ့က ဇီးဖြူကုန်းကျေးရွာမြောက်ဘက် ၁ ဖာလုံခန့် အကွာမှနေ၍ လက်လုပ်စိန်ပြောင်း၊ တူမီးသေနတ်၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံပစ်ခတ်ခဲ့ရကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ဂျပန်ဘီယာကုမ္ပဏီ Kirin က တပ်မတော်၏ ဦးပိုင်ကုမ္ပဏီလီမိတက်နှင့် ဖက်စပ်လုပ်ငန်း ဆောင်ရွက်နေခြင်းမှလည်းကောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေရာမှပါ ထွက်သွားတော့မည်ဟု ကြေညာခြင်းအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ကီရင်၏အစုရှယ်ယာ “မည်သူ့ကို ရောင်းချမည်၊ မည်သူက အစုရှယ်ယာလွှဲပြောင်းရယူမည်စသည့် အချက်အလက်များ အပါအဝင် အစုရှယ်ယာ လွှဲပြောင်းရောင်းချရန် တရားဝင် တင်ပြလျှောက်ထားလာခြင်း မရှိသေး” ဟု ဖော်ပြသည်။ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းကို ရောင်းချရန် ရှာဖွေနေကြောင်း ကီရင်က ပြောခဲ့သည်။ မြန်မာနိုင်ငံတွင် မြှုပ်နှံထားသည့် ရင်းနှီးမြှုပ်နှံမှုကို ရုပ်သိမ်းလိုက်ရသည့်အတွက် ဒေါ်လာ ၄၀၄.၃၇ သန်း ဆုံးရှုံးကြောင်း ကီရင်က ထုတ်ပြန်သည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်နေ “Georde Swezone” Facebook အကောင့် အသုံးပြုသူတစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နေ “Htuemyat Myonaing” Facebook အကောင့် အသုံးပြုသူတစ်ဦးတို့အား နိုင်ငံတော်တည်ငြိမ် |

| | | |
|---|---|---|
| | | အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။ |
| | | ထိုင်း – မြန်မာနယ်စပ်ရှိ အကြီးဆုံး ဒုက္ခသည်စခန်းဖြစ်သည့် မယ်လဒုက္ခသည်စခန်းတွင် လွန်ခဲ့သည့် ၂ လက ပြုလုပ်ခဲ့သည့် ဆန္ဒပြမှုများကို ဦးဆောင်သည်ဟုဆိုကာ ဒုက္ခသည် (၈) ဦးကို ဖေဖော်ဝါရီလ (၁၄) ရက်က ထိုင်းအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ စခန်းတွင်းနေထိုင်သူ ၂ ဦး ဆိုင်ကယ်စီးလာချိန် နှာခေါင်းစည်း မတပ်ထားသောကြောင့် စခန်းအုပ်ချုပ်ရေးမှူးက ဆိုင်ကယ်ပေါ်မှဆွဲချပြီး ဆိုင်ကယ်ကိုသိမ်းဆည်းရာမှစ၍ ဒုက္ခသည်ထောင်ဂဏန်းခန့် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။ စခန်းအတွင်း ရှုန်းရင်းဆန်ခတ်ဖြစ်အောင် ပြုလုပ်သည်ဆိုသည့်အချက်ဖြင့် ထိုင်းလုံခြုံရေးများက လာရောက်ဖမ်းဆီးသွားခြင်းဖြစ်ကြောင်း VOA သတင်းတွင် ဖော်ပြသည်။ |
| ၁၆။ | ၁၆. ၂. ၂၀၂၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တြိဂံဒေသတိုင်း စစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား စစ်ဆေးခဲ့သည်။ စွမ်းရည်စွမ်းအားရှိသော တပ်ဖြစ်လာစေရေးအတွက် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသောကြောင့် တပ်မှူးများအနေဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ ဆောင်ရွက်ရန်၊ တပ်မတော်က စစ်သည်တစ်ဦးချင်း၏ စားဝတ်နေရေး၊ ကျန်းမာရေးတို့ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ဖြစ်သည့်အတွက် ၎င်းတို့၏ လူနေမှုဘဝ မြင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျ နေထိုင်သွားလာ စားသောက်မှု ဖြစ်စေရေး အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ထိန်းသိမ်းတည့်မတ်ပေးရန်၊ စစ်သားပီသသည့် စစ်ခေါင်းဆောင်များဖြစ်အောင် နေထိုင်ကျင့်ကြံကြရန်၊ နယ်မြေခံပြည်သူတို့၏ အကျိုးစီးပွားကိုလည်း ဖော်ဆောင်ပေးရန်၊ ပညာရေးအားပေးမှု နည်းပါးသည့် ဒေသဖြစ်သည့်အတွက် ပညာရည်အဆင့်အတန်း မြင့်မားစေရေး တွန်းအားပေး ဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးရေး တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ် တပ်နယ်နှင့် မိုင်းယောင်း တပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များကို သီးခြားစီတွေ့ဆုံ အမှာစကား ပြောကြားခဲ့သည်။ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရသည်ကို သဘောပေါက်ရန်၊ ယခင် တပ်မတော်အစိုးရ အုပ်ချုပ်စဉ်ကာလအတွင်း ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ် ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ NLD အစိုးရအုပ်ချုပ်စဉ် အစောပိုင်းကာလ၌ပင် ဥပဒေကို လက်တစ်လုံးခြား ဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအပိုင်း၌လည်း အားနည်းခဲ့ကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲ မဲစာရင်း မှားယွင်းမှုအပေါ် ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ် ပြောကြားခဲ့သော်လည်း ဖြေရှင်းပေးမှု မရှိခဲ့သဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်တာဝန်အား ရယူခဲ့ရခြင်းဖြစ်ကြောင်းစသဖြင့် ပြောကြားခဲ့သည်။ |
| | | နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဇဟိုကော်မတီ အစည်းအဝေးကို နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး |

| | | |
|---|---|---|
| | | ဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြွင်းခန်းမဦးကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ခဲ့သည်။ |
| | | တပ်မတော်(လေ) တံတားဦးလေတပ်စခန်းမှ ပုံမှန်လေ့ကျင့်ပျံသန်းလျက်ရှိသည့် တိုက်ခိုက်ရေး လေယာဉ် (၁) စီးသည် လေ့ကျင့်ရေးဧရိယာ၌ လေ့ကျင့်ပျံသန်းစဉ် စက်ချို့ယွင်းမှုကြောင့် ပျက်ကျခဲ့သည်။ အဆိုပါလေယာဉ်သည် ပုံမှန်လေ့ကျင့်ပျံသန်းမှုများ ဆောင်ရွက်စဉ် နံနက် ၁ဝ နာရီ ၄၃ မိနစ်ခန့်တွင် ဆက်သွယ်မှု ပြတ်တောက်ခဲ့သဖြင့် လေယာဉ်တစ်စီးဖြင့် လိုက်လံရှာဖွေခဲ့ရာ စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာ အရှေ့ဘက်ရှိ ရေမျက်ကြီးအင်းအတွင်း ပျက်ကျခဲ့သည့် လေယာဉ်ကိုတွေ့ရှိခဲ့ပြီး လေယာဉ်မှူး ဗိုလ်ကြီးဟိန်းထက်အောင်မှာ သေဆုံးခဲ့သည်။ |
| | | ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တော်တွင် ပြုလုပ်သည့် အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ အကြီးတန်းတာဝန်ရှိသူတစ်ဦး အွန်လိုင်းမှ တစ်ဆင့် တက်ရောက်ခဲ့ကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဌာန ပြောခွင့်ရ Sounry Chum က ပြောကြားခဲ့သည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေး (AMM) ကို နောက်တစ်ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ယင်းမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပခြင်းဖြစ်သည်။ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးစည်းဝေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝန်ကြီးအဆင့် တာဝန်ရှိသူကို မတက်ရောက်စေဘဲ နိုင်ငံရေးအရ ခန့်ထားသူမဟုတ်သည့် တာဝန်ရှိသူတစ်ဦး တက်ရောက်ရန် အာဆီယံမှ အကြောင်းကြားခဲ့ရာ အစည်းအဝေးကို တက်ရောက်ရန် မည်သူ့ကိုမျှ စေလွှတ်မည် မဟုတ်ကြောင်း နစကဘက်မှ တုံ့ပြန်ခဲ့သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ အလယ်တန်းကျောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား PDF များက ဖေဖော်ဝါရီ (၁၄) ရက်တွင် ကျေးရွာ၏မြောက်ဘက်မှ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခုခံ ပစ်ခတ်ခဲ့ရာ ချောင်းဦးကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့ပြီး ထွက်ပြေးရာလမ်းတစ်လျှောက်ရှိ ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ နေအိမ် (၃၁) လုံး မီးလောင်ပျက်စီးဆုံးရှုံးပြီး ဦးဖိုးညို (၄၁)နှစ်၊ ဦးလှရွှေ (၆၅)နှစ်၊ ဦးသန်းဆွေ (၆၆)နှစ်နှင့် ဒေါ်တင်စု (၅၅)နှစ်တို့ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ရကြောင်းနှင့် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် လက်လုပ်တူမီး သေနတ် (၁) လက်၊ လက်လုပ်ပစ္စတို သေနတ် (၂) လက်၊ ၄ဝ မမ လက်လုပ် ဗုံးသီး (၁၃) လုံး ၅.၅၆ ကျည် (၁) တောင့်၊ ၇.၆၂ ကျည် (၉) တောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ အောင်မင်္ဂလာကားဝန်းနေ နိုင်လင်းအောင်(ခ)အီးကွဲ(ခ)ဒဗလျူနှင့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အမှတ်(၂)သိင်္ဂီလမ်း၊ ကျောင်းပိုင်းရပ်နေ အောင်ဘုန်းကျော်(ခ)ဇီးရိုးတူးတို့သည် အကြမ်းဖက်များနှင့်ဆက်သွယ်ခြင်း၊ ငွေကြေးကောက်ခံထောက်ပံ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း အကြမ်းဖက်သင်တန်း တက်ရောက်ခြင်း၊ လက်နက်ခဲယမ်းများနှင့် လက်လုပ်ဗုံးများ သယ်ဆောင်ပေးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းတို့ ပြုလုပ်ခဲ့သဖြင့် ၎င်းတို့ကို "ထောင်ဒဏ်တစ်သက်" ချမှတ်လိုက်သည်။ ထို့အပြင် Facebook အကောင့်များ အသုံးပြုကာ လှုံ့ဆော်ဝါဒဖြန့်မှုများ ဆောင်ရွက်ခဲ့သူ (၇) ဦးအားလည်း ဖမ်းဆီးထိန်းသိမ်း အရေးယူခဲ့သည်။ |
| ၁၇။ | ၁၇. ၂. ၂ဝ၂၂ | ဖေဖော်ဝါရီလ (၁၇) ရက်က COVID – 19 ဓာတ်ခွဲနမူနာ ၃၁၈၂၄ ခုအား စစ်ဆေးရာ |

| | | |
|---|---|---|
| | | အတည် ပြုလူနာသစ် ၂၆၉၂ ဦး တွေ့ရှိပြီး ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၈၀၆၇၈၉ ခုအား စစ်ဆေးခဲ့ပြီး အတည်ပြုလူနာပေါင်း ၅၅၆၂၅၆ ဦးရှိကြောင်း သိရသည်။ သေဆုံးသူ ၁ ဦး ရှိသဖြင့် ဖေဖော်ဝါရီ (၁၇) ရက်အထိ သေဆုံးသူစုစုပေါင်း ၁၉၃၁၉ ဦး ရှိပြီဖြစ်ကြောင်းနှင့် ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၂၀၈၀၄ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ |
| | | မြန်မာနိုင်ငံသို့ သွားခွင့်ရရန်နှင့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) နှင့်ပါ တွေ့ဆုံခွင့်ရရေး နစကဏ်သဘောတူညီချက်ကို စောင့်နေကြောင်း မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Prak Sokhonn က ဖနွမ်းပင်မြို့၌ ပြောကြားသည်။ "စစ်ကောင်စီက NUG နဲ့ တိုက်ရိုက် စကားမပြောဘူးဆိုရင်လည်း အာဆီယံ အထူးကိုယ်စားလှယ်အနေနဲ့ သူတို့နှစ်ဖက်ကြားမှာ ပေါင်းကူးတံတားအဖြစ် ကြားဝင်ဆောင်ရွက်ပေးခွင့်ပြုဖို့ လိုပါတယ်။ ဒါပေမယ့် အဲဒီလိုကြားဝင်ဆောင်ရွက်တဲ့အတွက် စစ်ကောင်စီနဲ့ အာဆီယံ အထူးကိုယ်စားလှယ်ကြားမှာ သဘောထားကွဲပြားမှု ရှိမသွားဖို့လည်း လိုအပ်ပါတယ်" ဟု အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ စည်းဝေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီး Prak Sokhonn က ပြောခဲ့သည်။ |
| | | မြန်မာနိုင်ငံတွင် တပ်မတော်မှ အာဏာထိန်းပြီးနောက် ၁ နှစ်ကျော် ကာလအတွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူ ၄၃၈၈၀၀ ရှိကြောင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး (UNHCR) က ခန့်မှန်းထားကြောင်း သိရသည်။ "ပဋိပက္ခတွေ ကြီးထွားလာတာကြောင့် လုံခြုံရေး၊ လူသားချင်းစာနာမှုနဲ့ လူ့အခွင့်အရေး အခြေအနေတွေ ပိုမိုဆိုးရွားလာတဲ့အပေါ် မြန်မာနိုင်ငံတွင်းက ကုလသမဂ္ဂ အဖွဲ့အစည်းတွေ စိုးရိမ်နေကြပါတယ်။" ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောခွင့်ရ Stephane Dujarric က နယူးယောက် ကုလသမဂ္ဂရုံးချုပ်၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ပဋိပက္ခများကြောင့် အရပ်သား ထိခိုက်သေဆုံးမှု၊ အိုးအိမ်၊ အဆောက်အဦများ ပျက်စီးမှုနှင့် နယ်စပ်ဖြတ်ကျော် ထွက်ပြေးတိမ်းရှောင်သူများလည်း ပိုများပြားလာကြောင်း ၎င်းကဆိုသည်။ |
| ၁၈။ | ၁၈. ၂. ၂၀၂၂ | လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို တာဝန်ယူထမ်းဆောင်ရလျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံ ဒီမိုကရေစီစနစ်ကို ခိုင်မာအောင်၊ အာမခံချက်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်နေသည့်၊ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ထိန်းသိမ်းဆောင်ရွက်ပေးသူ (Guardian) အဖြစ် စိတ်ဓာတ်ခံယူ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တြိဂံဒေသတိုင်း စစ်ဌာနချုပ်၊ မိုင်းပျဉ်းတပ်နယ်နှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ခိုလမ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။ |
| | | ဘင်္ဂါလီများကို လူမျိုးသုဉ်းသတ်ဖြတ်မှုဖြင့် မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက ICJ နိုင်ငံတကာတရားရုံးတွင် တရားစွဲဆိုထားသည့်အမှုအား ခုခံချေပရန် နိုင်ငံတကာရှေ့နေအသစ် ထပ်မံငှားရမ်းထားကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင်မည့် တရားရုံးကြားနာပွဲအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့်အဖွဲ့သည် Netherlands နိုင်ငံ၊ The |

| | | |
|---|---|---|
| | | Hague မြို့သို့ ထွက်ခွာသွားပြီ ဖြစ်သည်။ ယင်းကြားနာပွဲကို ဖေဖော်ဝါရီလ (၂၁) ရက်မှ (၂၈) ရက်နေ့အထိ ပြုလုပ်မည်ဖြစ်ပြီး ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် ၂၀၁၉ ခုနှစ်က စတင်တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။ |
| | | မလေးရှား Petronas နှင့် ဂျပန် Mitsubishi ကုမ္ပဏီတို့သည် မြန်မာနိုင်ငံ ရဲတံခွန် သဘာဝဓာတ်ငွေ့ လုပ်ကွက်များရှိ ၎င်းတို့၏ အစုရှယ်ယာများကို ပြန်လည်ရုပ်သိမ်းတော့မည်ဟု ပြောကြားကြောင်း VOA သတင်းတွင် ပါရှိသည်။ နည်းပညာနှင့် စီးပွားရေး ရှုထောင့်မှကြည့်ပါက လက်ရှိအခြေအနေတွင် စီးပွားရေး ဆက်လက်လုပ်ကိုင်ရန် မလွယ်ကူတော့ဟု Mitsubishi ကုမ္ပဏီပြောခွင့်ရသူက ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။ မြန်မာနိုင်ငံတောင်ဘက် ကမ်းလွန်ဒေသရှိ ရဲတံခွန်ဓာတ်ငွေ့စီမံကိန်းတွင် Mitsubishi က အစုရှယ်ယာ ၁.၉၃ % ပါဝင်ပြီး ဂျပန် JX Myanmar လုပ်ငန်းစုမှတစ်ဆင့် ထည့်ဝင်ခြင်းဖြစ်သည်။ မလေးရှားနိုင်ငံ Petronas ကုမ္ပဏီက သူ၏လက်ခွဲ PC Myanmar (Hong Kong) Limited အနေဖြင့် Petronas နှင့် ဆက်စပ်သည့် မြန်မာနိုင်ငံ ရေနံတွင်းလုပ်ငန်းများကို ရောင်းချရန် ၂၀၂၁၊ ဇူလိုင်လကတည်းက သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။ PC Myanmar (Hong Kong) Ltd သည် ရဲတံခွန်စီမံကိန်းတွင် အစုရှယ်ယာ ၄၀.၉ % ပါဝင်ပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ရှယ်ယာစုစုပေါင်း၏ ၂၀.၅ % ရှိသည်။ |
| | | မွန်ပြည်နယ်၊ သထုံမြို့ရှိ မြို့မဈေးတွင် PDF အကြမ်းဖက်သမားများ၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဈေးခေါင်းရုံး အပါအဝင် ဈေးဆိုင်ခန်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ဈေးရောင်း/ဈေးဝယ်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် PDF များက TNT ယမ်းပြင်းဖြင့် ပြုလုပ်ထားသည် လက်လုပ်ချိန်ကိုက်မိုင်း ဖောက်ခွဲမှုကြောင့် ဈေးအတွင်းမှ အမျိုးသား (၄) ဦး၊ အမျိုးသမီး (၅) ဦးတို့ ဗုံးစထိမှန် ဒဏ်ရာများ ရရှိခဲ့ပြီး ဈေးခေါင်းရုံး အပါအဝင် ဈေးဆိုင်ခန်း အများအပြား ပျက်စီးဆုံးရှုံးခဲ့သည်။ |
| | | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အသိပေးသတင်းထုတ်ပြန်ချက်များအပေါ် မျက်ကွယ်ပြု၍ Facebook အကောင့်များ အသုံးပြုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ Facebook အကောင့် (၅) ခု၏ အသုံးပြုသူများကို ထပ်မံ အရေးယူခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| ၁၉။ | ၁၉. ၂. ၂၀၂၂ | တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၁/၂၀၂၂) ကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ပြီး နိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွန်အခများ မဆုံးရှုံးစေရေး၊ ပြည်တွင်းလုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးရေး၊ စားသုံးသူ အန္တရာယ်ကင်းရှင်းစေရေးအပြင် အမျိုးသားလုံခြုံရေးနှင့် ကျန်းမာရေးတို့ကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ သယ်ယူပို့ဆောင်မှုများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့်ဆိပ်ကမ်းများရှိ သိုလှောင်မှုများအပြင် ဈေးကွက်ကြီးများတွင် အဓိကသိုလှောင်မှုနှင့် ဖြန့်ဖြူးမှုများကိုပါ ဖော်ထုတ်စစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ၂၀၂၁၊ ဖေဖော်ဝါရီမှ ဒီဇင်ဘာအထိ (၁၁) လ ကာလအတွင်း တရားမဝင်ကုန်သွယ်မှု (၁၉၂၉) မှုနှင့် တန်ဖိုးကျပ် (၇၄၁၂ ဒသမ ၃၇၀) သန်း ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၂၀၂၂၊ |

| | | |
|---|---|---|
| | | ဇန်နဝါရီအတွင်း ဖမ်းဆီးရမိအမှုတွဲ (၂၉၈) မှု၊ ခန့်မှန်းတန်ဖိုးကျပ် (၆၃၂၃ ဒသမ ၅၀၃) သန်းကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ |
| | | ကချင်ပြည်နယ် မိုးမောက်မြို့အနီးတွင် တပ်မတော်နှင့် ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ KIA တို့ (၁) နာရီကျော်ခန့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ မိုးမောက်မြို့မှ မြစ်ကြီးနားဘက်အထွက် ခါနန်ရပ်ကွက် အနီးဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲကြောင့် ဒေသခံ (၃၀၀) ခန့် မိုးမောက်မြို့ပေါ်ရှိ ဘုရားကျောင်းများသို့ တိမ်းရှောင်လာခဲ့ကြရကြောင်း အကူအညီပေးနေသူတစ်ဦးက ပြောကြားသည်။ တိုက်ပွဲများ ထပ်မံဖြစ်ပွားလာမည်ကို စိုးရိမ်နေကြရသည့်အတွက် ဒေသခံများ နေရပ်မပြန်နိုင်သေးကြောင်း သိရသည်။ |
| | | ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့နယ် မိုင်းယော်တိုက်နယ်အတွင်း တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့များကြား တိုက်ပွဲများကြောင့် အိုးအိမ်ပစ်ခွာထွက်ပြေးခဲ့ကြသည့် စစ်ဘေးရှောင်များ နေရပ်ပြန်စဉ် မိုင်းနင်းမိသောကြောင့် အမျိုးသမီး (၂) ဦးနှင့် ကလေး (၁) ဦး သေဆုံးကာ (၅) ဦး ဒဏ်ရာရရှိခဲ့သည်။ လုံတပ်ရွာ၊ ပါမုန်းရွာ၊ ပန်ကိန်အွန်ရွာ၊ လွယ်တပ်ကျေးရွာအစရှိသည့် ကျေးရွာများမှ ဒေသခံ (၈၀၀) ကျော်ခန့် မိုင်းယော်ကျေးရွာဘက်သို့ လာရောက်ခိုလှုံခဲ့ပြီး စစ်ပြေးဒုက္ခသည်အချို့ နေရပ်ပြန်စဉ် ဝမ်လုံတတ်နှင့် ပန်နန်းကျေးရွာကြားတွင် မိုင်းနင်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အင်တောကျေးရွာရှိ မင်းရွာမြောက် ဘုန်းကြီးကျောင်း၌ သီတင်းသုံးလျက်ရှိသော ဆရာတော်ဦးစန္ဒော (ခ) ဦးစိန်မောင်း (၅၈)နှစ် ဝါတော် (၈) ဝါအား ဖေဖော်ဝါရီ (၁၈) ရက်၊ နံနက်ပိုင်းတွင် နှောကုန်းကျေးရွာအနီးရှိ မူးဘောင်ရေမြောင်းအတွင်း၌ လည်ပင်းတွင်ကြိုးချည်လျက် သေဆုံးနေကြောင်း တွေ့ရှိရသည်။ ဖေဖော်ဝါရီ (၁၄) ရက်၊ မွန်းလွဲပိုင်းက PDF အကြမ်းဖက်အဖွဲ့ အင်အား (၅၀) ဦးခန့်သည် ဆရာတော်သီတင်းသုံးသည့် ကျောင်းသို့ ရောက်ရှိလာပြီး ဆရာတော်အား သက်နန်းချွတ်လူဝတ်လဲကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် ချိုင်ကျေးရွာအနီးတွင် ဒေသခံ PDF အဖွဲ့များနှင့် တပ်မတော် လုံခြုံရေးတပ်ဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားနေသည်ဟု ဒေသခံများက ပြောကြားသည်။ အုန်းတုံပင်ကျေးရွာ အနီးအနားများ၌လည်း တိုက်ပွဲပြင်းထန်ခဲ့သောကြောင့် ကျေးရွာ (၆) ရွာထက်မနည်း ဘေးလွတ်ရာသို့ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရသည်။ ယင်းမာပင်၊ ချောင်းဦး ဒေသတစ်ဝိုက်တွင် တပ်မတော်မှ နယ်မြေရှင်းလင်း စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသောကြောင့် ထိတွေ့မှုများ၊ ပစ်ခတ်မှုများ မကြာခဏ ဖြစ်ပွားကြောင်း သိရသည်။ |
| ၂၀။ | ၂၀. ၂. ၂၀၂၂ | အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး ကျင်းပခြင်းအပေါ် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။ ယင်းတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအပြီး ဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်း၊ မြန်မာ့ဦးဆောင်မှုတို့နှင့်အညီ အထူးကိုယ်စားလှယ်အပါအဝင် အာဆီယံနှင့် အပြုသဘော ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော် အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံမှ အကြမ်းဖက်အဖွဲ့များ အဖြစ်နှင့် တရားမဝင် အသင်းအဖွဲ့များအဖြစ် ကြေညာထားသည့်သူများနှင့် တွေ့ဆုံဆွေးနွေးရန် အဖွဲ့ဝင်နှစ်နိုင်ငံက အကြံပြုခဲ့သည့်ကိစ္စသည် အာဆီယံပဋိညာဉ် စာတမ်းပါ မူများကို ဆန့်ကျင်ရုံသာမက အာဆီယံ၏ အကြမ်းဖက်တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ထိပါးစေကြောင်း၊ ယင်းနှစ်နိုင်ငံက အာဆီယံ အစည်းအဝေးများကို အ |

| | | |
|---|---|---|
| | | သုံးချ၍ ထိုသို့ပြောဆိုခြင်းမျိုး မပြုလုပ်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချရန် ထပ်မံတိုက်တွန်းပါကြောင်း ဖော်ပြပါရှိသည်။ |
| ၂၁။ | ၂၁. ၂. ၂၀၂၂ | တပ်မတော်(ရေ)မှ ညေဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထူး ဦးဆောင်သော စစ်ရေယာဉ်(ဆင်ဖြူရှင်)သည် အိန္ဒိယနိုင်ငံ Visakhapatnam မြို့၌ ကျင်းပပြုလုပ်မည့် ဒေသတွင်းရေတပ်များတွေ့ဆုံပွဲ (MILAN-2022) သို့ တက်ရောက်ရန် ရန်ကုန်မြို့၊ အမှတ် (၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)မှ စတင်ထွက်ခွာသွားသည်။ ဒေသတွင်းရေတပ်များတွေ့ဆုံပွဲ (MILAN-2022) ကို အိန္ဒိယနိုင်ငံ Visakha-patnam မြို့တွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၄ ရက် အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အိန္ဒိယ၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အမေရိကန်၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ပြင်သစ်နှင့် ဆေးရှဲလ် စုစုပေါင်း (၁၆) နိုင်ငံမှ စစ်ရေယာဉ် (၂၄) စီး တက်ရောက်မည်ဖြစ်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ သခွတ္တော(မ)ကျေးရွာ၌ အသက်(၁၃)နှစ်အရွယ် ကျောင်းသူတစ်ဦးအား PDF အကြမ်းဖက်အဖွဲ့မှ သတ်ဖြတ်ခဲ့သည်။ သခွတ္တော(မ)ကျေးရွာနေ သားဖွားဆရာမ ဒေါ်ခိုင်စိုးဦးသည် မန္တလေးမြို့သို့ ဆေးခန်းပြရန် သွားရောက်စဉ် ခင်ပွန်းဖြစ်သူ ဦးနေလင်းနှင့် သမီးဖြစ်သူ မအိမ့်ကြည်ဖြူခိုင် (၁၃) နှစ်တို့ နေအိမ်၌ကျန်ခဲ့ပြီး ဖခင်ဖြစ်သူ ဈေးဆိုင်သို့ ဈေးဝယ်သွားချိန် အကြမ်းဖက်သမားများ ရောက်ရှိလာကာ နေအိမ်တွင်ကျန်ရှိသည့် မအိမ့်ကြည်ဖြူခိုင်အား ဓားဖြင့် သတ်ဖြတ်ခဲ့ရာ အခင်းနေရာ၌ပင် သေဆုံးခဲ့သည်။ သေဆုံးသူ၏မိခင် ဒေါ်ခိုင်စိုးဦးသည် CDM တွင် ပါဝင်ခြင်း မရှိသည့်အတွက် အကြမ်းဖက်သူများမှ ဒလန်ဟုစွပ်စွဲကာ လာရောက်သတ်ဖြတ်ခြင်း ဖြစ်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့၊ မြဝတီရပ်ကွက်သို့ PDF အကြမ်းဖက်အဖွဲ့က လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ရာ နေအိမ် ၁ လုံး ပေါ်သို့ ကျရောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် အမျိုးသား (၁) ဦး၊ အမျိုးသမီး (၁) ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိကာ အသက် (၁၁) နှစ်အရွယ် ကလေးငယ် (၁) ဦး သေဆုံးခဲ့သည်။ |
| ၂၂။ | ၂၂. ၂. ၂၀၂၂ | မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ် (Convention on the Prevention and Punishment of the Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ ကနဦးကန့်ကွက်လွှာကို မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ တင်သွင်းခဲ့ပြီး၊ ကန့်ကွက်လွှာနှင့် ပတ်သက်သည့် ကြားနာမှုကို နယ်သာလန်နိုင်ငံ၊ သဟိဂ်မြို့တွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှ (၂၈) ရက်နေ့အထိ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ ကိုယ်စားလှယ် (Agent) အဖြစ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်၍ ပူးတွဲကိုယ်စားလှယ် (Alternate Agent) ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ရှင်းလင်း ပြောကြားမည်ဖြစ်သည်။ |
| | | အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ဂမ်ဘီယာက မြန်မာကို တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ ကနဦးကန့်ကွက်လွှာဆိုင်ရာ ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ ပထမအကြိမ် |

| | | |
|---|---|---|
| | | နှုတ်ဖြင့်လျှောက်လဲမှုတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်မိန့်ခွန်းတွင် ICJ အနေဖြင့် ဤအမှုကို စီရင်ပိုင်ခွင့်မရှိကြောင်း (သို့) လက်ခံကြားနာနိုင်မှု မရှိကြောင်း ကနဦးကန့်ကွက်လွှာ တင်သွင်းခြင်းသည် တရားရုံး၏ တရားစီရင်မှု လုပ်ထုံးလုပ်နည်းများအပေါ် ဆင်ခြေပေးကန့်သတ်ရန်အတွက် မဟုတ်ဘဲ တရားမျှတမှုကို မှန်ကန်စွာ ဖော်ဆောင်နိုင်ရေးအတွက် ရည်ရွယ်ကြောင်း၊ နောက်ရက်များတွင် ပြုလုပ်သွားမည့် ကြားနာမှုများသည် အရေးပါပြီး တရားရုံး၏ အနာဂတ်တရားစီရင်ရေး လုပ်ငန်းစဉ်များအပေါ် ထူးခြားသည့် အကျိုးသက်ရောက်မှု များစွာရှိမည်သာမက နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာတရားရုံး (သို့) ခုံရုံးများသို့ တင်သွင်းမည့် အမှုများအပေါ်လည်း အမှန်ပင် အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ မြန်မာ – တရုတ် – ဘင်္ဂလားဒေ့ရှ် သုံးပွင့်ဆိုင် သံတမန်ဆွေးနွေးပွဲများ ပြုလုပ်၍လည်းကောင်း၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသည့် လူဦးရေစာရင်းပြုစုမှုကို ပူးပေါင်းဆောင်ရွက်၍လည်းကောင်း ဖော်ဆောင်လျက်ရှိကြောင်း၊ မြန်မာအစိုးရအနေဖြင့် ယခုတရားစွဲဆိုမှုနှင့် ပတ်သက်သည့် ဆက်လက်လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်လျက်ရှိကာ တရားရုံးမှချမှတ်ခဲ့သော ကြားဖြတ်စီမံဆောင်ရွက်ချက် အမိန့်အတိုင်း အကောင်အထည်ဖော်လျက်ရှိပြီး ပုံမှန်တင်သွင်းရမည့် အစီရင်ခံစာများကိုလည်း ဆက်လက်တင်သွင်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။ |
| | | အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ မြန်မာနိုင်ငံ ကိုယ်စားပြု နိုင်ငံတကာရှေ့နေများဖြစ်ကြသော Dr. Christopher Staker က ဂမ်ဘီယာနိုင်ငံသည် OIC ၏ တာဝန်ပေးချက်အရ OIC ကိုယ်စား တရားစွဲပေးခြင်းဖြစ်၍ ယခုအမှုကို တရားရုံးက လက်မခံသင့်ကြောင်း၊ OIC သည် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်၍ အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဥပဒေအရ အငြင်းပွားမှု တင်သွင်းခွင့်မရှိသဖြင့် ကန့်ကွက်ကြောင်း လျှောက်လဲချက်ကို လည်းကောင်း၊ Professor Stefan Talmon က ဂမ်ဘီယာနိုင်ငံသည် နစ်နာသူနိုင်ငံမဟုတ်၍ တရားစွဲခွင့် မရှိကြောင်း၊ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်က အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၎င်းတို့အပေါ် ထိခိုက်မှုမရှိပါက တရားစွဲခွင့် မပေးထားကြောင်း လျှောက်လဲချက်ကို လည်းကောင်း၊ Professor Robert Kolb က မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်၏ Article (8) ကို ခြွင်းချက်ပြုလုပ်ထား၍ မည်သည့်စာချုပ်ဝင်နိုင်ငံကမဆို ကုလသမဂ္ဂ၏ အဖွဲ့အစည်းများ (ICJ အပါအဝင်)သို့ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံအား အရေးယူရန် တောင်းဆိုမှုကို လိုက်နာရန်မလိုကြောင်း လျှောက်လဲချက်ကို လည်းကောင်း၊ Dr. Christopher Staker က ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်၏ Article (9) အရ တရားရုံးသို့ အမှုတင်သွင်းရန် အဖွဲ့ဝင်နှစ်နိုင်ငံအကြား ဥပဒေကြောင်းအရ အငြင်းပွားမှုရှိရန် လိုအပ်ကြောင်း၊ ဂမ်ဘီယာနှင့် မြန်မာအကြား ဥပဒေကြောင်းအရ အငြင်းပွားမှု လုံးဝမရှိကြောင်း လျှောက်လဲချက်ကိုလည်းကောင်း တရားရုံးသို့ တင်သွင်းခဲ့ကြသည်။ ဂမ်ဘီယာနိုင်ငံ၏ ပထမအကြိမ် နှုတ်ဖြင့် လျှောက်လဲမှုကို (၂၃) ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကာ မြန်မာနိုင်ငံအနေဖြင့် တန်ပြန်လျှောက်လဲမှုကို (၂၅) ရက်တွင် ထပ်မံပြုလုပ်မည်ဖြစ်သည်။ |

| | | |
|---|---|---|
| | | မြန်မာ့တပ်မတော်သည် ဂျက်တိုက်လေယာဉ်များနှင့် သံချပ်ကာကားများကို ရုရှားနှင့် တရုတ်တို့ထံမှ လက်ခံရရှိနေသည်ဟု မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ပြောကြားကြောင်း VOA သတင်းတွင် ဖော်ပြသည်။ "တရုတ်နဲ့ ရုရှားတို့က ဂျက်တိုက်လေယာဉ်တွေ၊ သံချပ်ကာကားတွေ တော်တော်များများ စစ်ကောင်စီကို ကူပေးနေတယ်" ဟု ကြေညာချက်တွင် ဖော်ပြထားပြီး "အဲဒီလိုပဲ ဆားဘီးယားနိုင်ငံကလဲ ဒုံးကျည်တွေ အမြောက်တွေကို မြန်မာစစ်အစိုးရဆီ တင်ပို့ဖို့ ခွင့်ပြုထားတယ်" ဟု ၎င်းကဆိုသည်။ ထိုသို့ လက်နက်ထောက်ပံ့မှုများကို ရပ်ဆိုင်းပေးရန် လုံခြုံရေးကောင်စီကို ကုလသမဂ္ဂ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Thomas Andrews က တောင်းဆိုခဲ့သည်။ |
| | | ၂၀၂၁၊ မတ်လ (၁၅) ရက်က လှိုင်သာယာ(အရှေ့ပိုင်း)၌ ရာအိမ်မှူးတစ်ဦးနှင့် ပြည်သူတစ်ဦးတို့အား ဒလန်ဟုစွပ်စွဲပြီး ကြိုးတုပ်၊ တာယာကွင်းစွပ် သတ်ဖြတ်ခဲ့သည့်အမှုတွင် ပါဝင်ခဲ့သည့် ခိုင်ကြီး၊ စည်သူဝင်း၊ ကျော်မြင့်၊ ဇော်ဇော်အောင်၊ ဝင်းလှိုင်ဝင်းနှင့် ဝင်းသီတာမြင့်တို့အား ၂၀၂၁၊ မေ (၂၃) ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်တရားခံများအား ဆက်လက်ဖော်ထုတ်ခဲ့ရာ သတ်ဖြတ်မှုကျူးလွန်စဉ် ကြိုးတုပ်ပေးခဲ့သည့် ဇော်ထွန်းနှင့် ညီဖြစ်သူ ဇော်ဇော်လွင်တို့ (၂) ဦးအား ၂၀၂၂၊ ဖေဖော်ဝါရီ (၁၉) ရက်၊ ည ၁၁ နာရီခွဲခန့်က လှိုင်သာယာ(အရှေ့ပိုင်း)၊ (၈)ရပ်ကွက်ရှိ ၎င်းတို့၏နေအိမ်တွင် ထပ်မံဖော်ထုတ်ဖမ်းဆီးခဲ့သည်။ |
| | | မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက် ဖြစ်ပွားနေသည်နှင့် ပတ်သက်ပြီး လက်ရှိအစိုးရဝန်ကြီးအချို့၊ ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူအချို့နှင့် စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များ အပါအဝင် ထိပ်တန်းအရာရှိ အများအပြားကို ဥရောပသမဂ္ဂ (EU) က ဒဏ်ခတ်အရေးယူမှု အသစ်များ ချမှတ်လိုက်ကြောင်း ကြေညာချက်ထုတ်ပြန်သည်။ လူပုဂ္ဂိုလ် (၂၂) ဦး၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်လိုက်ပြီး၊ ခရီးသွားလာခွင့်ကိုပါ ပိတ်ပင်လိုက်ခြင်းဖြစ်ကာ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်း (၄) ခုကိုလည်း ကန့်သတ်မှုများ ချမှတ်လိုက်ခြင်းဖြစ်သည်။ ဒဏ်ခတ်ပိတ်ဆို့မှု အသစ်ထဲတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း – MOGE သည် ပထမဆုံးအကြိမ်အဖြစ် ပါဝင်လာသည်။ နိုင်ငံ (၂၇) နိုင်ငံ ပါဝင်သည့် EU အဖွဲ့က မြန်မာနိုင်ငံအပေါ် ယခုချိန်ထိ ချမှတ်ထားသည့် ဒဏ်ခတ်အရေးယူမှုတွင် လူပုဂ္ဂိုလ်ပေါင်း (၆၅) ဦးနှင့် လုပ်ငန်း (၁၀) ခု ရှိသွားပြီ ဖြစ်သည်။ |
| ၂၃။ | ၂၃. ၂. ၂၀၂၂ | နိုင်ငံတကာတရားရုံး (ICJ) တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို တရားစွဲဆိုထားသည့် အမှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဘက်က ကန့်ကွက်ထားသည်ကို ပယ်ချပေးရန် ဂမ်ဘီယာရှေ့နေချုပ်က တင်ပြသည်။ မြန်မာနိုင်ငံဘက်က ထောက်ပြ ကန့်ကွက်နေသကဲ့သို့ ဂမ်ဘီယာနိုင်ငံသည် မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း ကိုယ်စားဆိုပြီး လုပ်ဆောင်နေခြင်း မဟုတ်ကြောင်း အခိုင်အမာ ငြင်းဆိုသွားသည်။ လူမျိုးသုဉ်းသတ်ဖြတ်မှုကို ကာကွယ်တားဆီးရန် နိုင်ငံတကာမှာ တာဝန်ရှိသောကြောင့် ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံကို ICJ တွင် တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး ယင်းအပေါ် ကုလသမဂ္ဂ၊ အစ္စလာမ်မစ်နိုင်ငံများအဖွဲ့ (OIC) နှင့် နိုင်ငံတကာက ထောက်ခံထားကြသည့်အတွက် မြန်မာနိုင်ငံ၏ ကန့်ကွက်ချက်ကို ပယ်ချပေးရန် ဂမ်ဘီယာရှေ့နေချုပ် Dawda Jallow က လျှောက်လဲသည်။ ဖေဖော်ဝါရီ (၂၅) ရက် နယ်သာလန် စံတော်ချိန် နေ့လည် ၃ နာရီမှ ၄ နာရီခွဲအထိ မြန်မာဘက်မှ ဒုတိယအကျော့ တင်ပြမည်ဖြစ်ပြီး (၂၈) ရက်တွင် ဂမ်ဘီယာ |

| | | |
|---|---|---|
| | | ဘက်မှ ဒုတိယအကြော့ ပြန်လည်တင်ပြမည်ဖြစ်သည်။ |
| | | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD တို့သည် ပါတီစာရင်းစစ်ဆေးမှု ခံယူရန် ပျက်ကွက်သောကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ အရေးယူသွားမည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတိပေးချက် ထုတ်ပြန်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီများ၏ ငွေစာရင်းကို စစ်ဆေးမည်ဆိုပြီး ထုတ်ပြန်ခဲ့ပြီးသည့်နောက် NLD ပါတီနှင့် SNLD ပါတီတို့က သတ်မှတ်ရက်အတွင်း စစ်ဆေးခံယူမှုမရှိခဲ့ကြောင်း၊ မတ်လ (၉) ရက်အထိ နောက်ဆုံးထားပြီး လာရောက် စစ်ဆေးမခံပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် အရေးယူသွားမည်ဟု ကော်မရှင်က သတိပေးထားသည်။ ကော်မရှင်၏ လုပ်ရပ်သည် လုပ်ထုံးလုပ်နည်းနှင့်မညီဟု SNLD ရှမ်းတိုင်းရင်သားများ ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး စိုင်းလိတ်က ချေပပြောဆိုသည်။ |
| | | မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ တမ္မကောက်ကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့လှဲ့ (၃၇)နှစ်သည် ကျောင်းမှအိမ်သို့ ၎င်း၏ဖခင်နှင့်အတူ ဆိုင်ကယ်ဖြင့်ပြန်လာစဉ် မောင်းတွင်းနှင့် ရှားပင်အိုင်ကျေးရွာကြားအရောက် အမျိုးသား (၃) ဦးက ဆိုင်ကယ်အား ရပ်တန့်စေပြီး ဖခင်ဦးသောင်းညွှန့်ကို ဓားဖြင့်ထောက်ထားကာ ဒေါ်လှဲ့လှဲ့အား ဓားဖြင့်ထိုးသတ်၍ ဆိုင်ကယ်အား လုယက်ကာ ပေါက်မြို့ဘက်သို့ ထွက်ပြေးသွားသည်။ ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးရုံး၊ နိုင်ငံခြားသားများရေးရာဌာန၊ ပြည်ဝင်/ ပြည်ပြန်ဝင်နှင့် နေခွင့်ပြုခြင်းဆိုင်ရာ ဌာနခွဲ ရုံးဝင်းအတွင်း PDF များက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ ဝန်ထမ်း အမျိုးသမီး (၃) ဦး မိုင်းစထိမှန် ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။ |
| ၂၄။ | ၂၄. ၂. ၂၀၂၂ | KNPP နှင့် PDF အဖွဲ့များသည် ကယားပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်၌ ၂၀၂၁၊ ဒီဇင်ဘာမှ စတင်ကာ နမ့်မယ်ခုံဒေသတစ်ဝိုက်တွင် အခြေပြု၍ အဖျက်အမှောင့်လုပ်ရပ်မျိုးစုံ လုပ်ဆောင်ခဲ့ကြကြောင်း၊ ဇန်နဝါရီ (၆) ရက်မှစ၍ အကြမ်းဖက်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ (၁၈) ရက် နောက်ပိုင်းမှစ၍ အကြမ်းဖက်အဖွဲ့များသည် သုံးမြောင်းဆုံ၊ ဘုရားဖြူ နမ့်ဖယ်ခုံ၊ ဆင်မတောင်ရွာများသို့ အဆင့်ဆင့် ဆုတ်ခွာသွားကြကြောင်း၊ ၎င်းတို့ဆုတ်ခွာသွားပြီးနောက် တိုက်ပွဲရှောင်ပြည်သူများသည် လွိုင်ကော်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ရာ ယနေ့အထိ ခေတ္တနေရပ်စွန့်ခွာသူ (၂၄၈၂၇) ဦး ပြန်လည်ရောက်ရှိပြီးဖြစ်ကြောင်း၊ သို့သော် အကြမ်းဖက်သူများသည် နမ့်မယ်ခုံဒေသအား အခြေပြု၍ အဝေးမှ ပစ်ခတ်နှောင့်ယှက် ခြိမ်းခြောက်မှုများ ပြုလုပ်နေသဖြင့် နယ်မြေစိုးမိုးရေးရရှိရန် မိုးဗြဲ၊ ဝါရီဆူပလိုင်း၊ ဝီသဲခူ(တောင်)၊ ဝီသဲခူ(မြောက်)၊ ဘုရားဖြူ ဘုရားနီမှ တစ်ဆင့် စစ်ကြောင်းခွဲ ဝင်ရောက်ကာ လက်နက်ကြီးပစ်ကူနှင့် လေကြောင်းပစ်ကူ အချို့ဖြင့် ရှင်းလင်းခဲ့ရာ နမ့်မယ်ခုံ၊ အိုကေကျေးရွာအပြင် အဓိက အခြေပြုသည့် ဆင်မတောင်၊ ဆင်ထီးတောင်နှင့် ဘုရားကုန်းတစ်ဝိုက်တို့ကိုပါ ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီ (၁၇) ရက်မှ ယနေ့အထိ ထိတွေ့မှုဖြစ်စဉ် (၂၅) ကြိမ် ဖြစ်ပွားခဲ့ကာ KNPP နှင့် PDF အလောင်းအချို့၊ လက်နက်ခဲယမ်းမျိုးစုံနှင့် ဆက်စပ်ပစ္စည်းမျိုးစုံတို့ကို သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သား အရာရှိစစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | မလေးရှားနှင့် ကမ္ဘောဒီးယားခေါင်းဆောင်တို့ ကမ္ဘောဒီးယားနိုင်ငံ၌ တွေ့ဆုံခဲ့ကြရာ |

| | | |
|---|---|---|
| | | မြန်မာ့အရေးနှင့် ပတ်သက်ပြီး ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ မလေးရှားဝန်ကြီးချုပ် Ismail Sabri Yaakob သည် ကမ္ဘောဒီးယားဝန်ကြီးချုပ် Hun Sen၊ ကမ္ဘောဒီးယားဘုရင် Norodom Sihamoni တို့နှင့် သီးခြားစီတွေ့ဆုံပြီး မြန်မာနိုင်ငံ၏ အကျပ်အတည်းနှင့် အခြားဒေသတွင်းပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ မလေးရှား ဝန်ကြီးချုပ်သစ် Yaakob ၏ ပထမဆုံး ကမ္ဘောဒီးယားခရီးစဉ်တွင် အာဆီယံ ဘုံသဘောတူညီချက် (၅) ချက်ကို အကောင်အထည်ဖော်ရေး အဓိကဆွေးနွေးခဲ့သည်ဟု နှစ်နိုင်ငံ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း အေပီသတင်းက ဖော်ပြသည်။ |
| | | ဖေဖော်ဝါရီ (၂၂) ရက်တွင် လုံခြုံရေးတပ်ဖွဲ့များသည် မင်းကုန်းကျေးရွာ၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ကျေးရွာနေသူများက ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်/ကျေးစာရေး ဒေါ်နေခြည်မင်းတို့ မိသားစုမှာ ၎င်းတို့၏နေအိမ်၌ ဆက်လက် နေထိုင်ခဲ့သောကြောင့်ဟုဆိုပြီး လုံခြုံရေးတပ်ဖွဲ့များ ပြန်လည်ထွက်ခွာသွားပြီးချိန် PDF များက ၎င်းအား “သတင်းပေး၊ ဒလံ” ဟု စွပ်စွဲကာ ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်ခဲ့သည်။ |
| ၂၅။ | ၂၅. ၂. ၂၀၂၂ | ICJ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကြားနာနေသည့် ဒုတိယမြောက်နေ့တွင် မြန်မာနိုင်ငံဘက်မှ အကျိုးဆောင်ရှေ့နေက ဂမ်ဘီယာနိုင်ငံမှ ၂၃ ရက်နေ့က အဓိက တင်ပြခဲ့သည်များကို ပြန်လည်ချေပခဲ့သည်။ နိုင်ငံတကာရှေ့နေ Mr. Christopher Staker က OIC နိုင်ငံတကာအစ္စလာမ်နိုင်ငံများ အဖွဲ့၏ ကြားခံအဖြစ် စွဲဆိုသောကြောင့် ICJ က လက်ခံစီရင်ခွင့်မရှိဟု ထပ်မံလျှောက်လဲပြီး OIC က မြန်မာအပေါ်တရားစွဲရန် ကနဦးစီစဉ်ခဲ့ပြီး ကိုယ်တိုင်စွဲဆိုမည်ဆိုရာမှ ဂမ်ဘီယာနိုင်ငံက OIC ကိုယ်စား တရားစွဲပေးရန် ဂမ်ဘီယာဘက်မှ လက်ခံခဲ့သည့်အပြင် ငွေကြေးထောက်ပံ့ပေးသည့် အထောက်အထားများရှိကြောင်း ပြောကြားသည်။ မြန်မာနိုင်ငံကို စာပို့ထားခဲ့သော်လည်း မြန်မာဘက်မှ မတုံ့ပြန်ဘဲ ဗီတိုတစ်ဖက်သတ်သုံးခဲ့သည်ကို နှစ်နိုင်ငံအကြား အငြင်းပွားမှုမရှိခဲ့ဟု မယူဆနိုင်ကြောင်း ဂမ်ဘီယာဘက်မှ တင်ပြခဲ့သည်ကို ချေပရာတွင်လည်း အချို့ကိစ္စများသည် တုံ့ပြန်ရန်အချိန် လိုအပ်ကြောင်း၊ အချိန် သတ်မှတ်ပေးခဲ့သင့်ကြောင်း၊ သို့မှသာ အငြင်းပွားမှုဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း ချေပခဲ့သည်။ နိုင်ငံသား မဟုတ်သူများအတွက် စွဲခွင့်မရှိသည့်ကိစ္စကို ချေပရာတွင်လည်း ဂမ်ဘီယာအနေဖြင့် နစ်နာမှုတိုက်ရိုက်မရှိဘဲ စွပ်စွဲခဲ့သည့်အတွက် ICJ အနေဖြင့် လက်ခံစီရင်ခွင့်မရှိကြောင်း ရှေ့နေ Mr. Stefan Talmon က ချေပခဲ့သည်။ ဂမ်ဘီယာနိုင်ငံဘက်မှ အပြီးသတ် လျှောက်လဲချက်ကို ဖေဖော်ဝါရီ (၂၈) ရက်နေ့တွင် တင်သွင်းမည် ဖြစ်သည်။ |
| | | NLD အစိုးရလက်ထက်က ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လာဘ်ထိုးသည့် ဒေါ်လာ (၆) သိန်းနှင့် အခေါက်ရွှေ (၇) ပိဿာ လက်ခံရယူသဖြင့် အဂတိလိုက်စားမှုဖြင့် စွဲချက်တင်ခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်၏အမှုကို ဖေဖော်ဝါရီ (၂၅) ရက်တွင် နှစ်ဖက်အပြီးသတ် လျှောက်လဲတင်ပြခဲ့ကြကြောင်း သိရသည်။ ထိုအမှုကို စွဲချက်တင်သင့်/မသင့် ရှေ့တစ်ပတ်ရုံးချိန်းတွင် ဆုံးဖြတ်မည်ဟု သိရသည်။ နိုင်ငံတော် အတိုင်ပင်ခံဟောင်း ဒေါ်အောင်ဆန်းစုကြည်သည် လက်ရှိတွင် အမှုပေါင်း (၁၃) မှုနှင့် တရားရင်ဆိုင်နေရသည်။ |
| ၂၆။ | ၂၆. ၂. ၂၀၂၂ | ဖေဖော်ဝါရီ (၂၅) ရက်နေ့က နယ်သာလန်နိုင်ငံ သဟိဂ်မြို့ ICJ တရားရုံး တတိယနေ့ကြားနာပွဲအတွင်း မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ် အဆုံးသတ် လျှောက်လဲချက်ကို တင်ပြခဲ့သည်။ အဖွဲ့ခေါင်းဆောင် ဦးကိုကိုလှိုင်၏ တင်ပြချက်တွင် ICJ တရားရုံး အ |

| | | |
|---|---|---|
| | | နေဖြင့် မြန်မာနိုင်ငံက ခြွင်းချက်ထားသည့်ပုဒ်မ ပုဒ်မခွဲ ၈ အရ ယခုစွဲဆိုမှုကို လက်ခံနိုင်ခွင့် မရှိဆိုသည့်အချက်နှင့် ဂမ်ဘီယာအနေဖြင့်လည်း မြန်မာနိုင်ငံကို စွဲချက်တင်ခွင့် မရှိ ဆိုသည့်အချက်တို့ကို အဓိကလျှောက်လဲခဲ့ကာ ICJ အနေဖြင့် ဆုံးဖြတ်ပေးပါရန် တင်ပြခဲ့သည်။ ဂမ်ဘီယာက လာမည့်တနင်္လာနေ့တွင် အဆုံးသတ် လျှောက်လဲမည် ဖြစ်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ချင်းပုန်းကျေးရွာ၌ PDF အကြမ်းဖက်များ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ ရွာဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းကို စစ်ဆေးရန် ချဉ်းကပ်စဉ် အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်များ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထိတွေ့မှုဖြစ်ပွားရာ နေရာမှ PDF အမျိုးသား၊ အမျိုးသမီး အလောင်းအချို့၊ လက်လုပ်သေနတ်မျိုးစုံ (၁၈) လက်၊ လက်လုပ်စိန်ပြောင်း (၄) လက်၊ လက်လုပ်လက်ပစ်ဗုံးနှင့် ဗုံးသီးမျိုးစုံ ၁၄ လုံး၊ အမ်-၂၂ ကျည် ၆၈ တောင့်၊ ၉ မမ ကျည် (၃၇) တောင့်နှင့် အခြားဆက်စပ်ပစ္စည်းများ၊ KLUGER မော်တော်ယာဉ် (၁) စီး၊ SKAT မော်တော်ယာဉ် (၂) စီး၊ Light Truck မော်တော်ယာဉ် (၂) စီး၊ SURF မော်တော်ယာဉ် (၁) စီး၊ ဆိုင်ကယ်မျိုးစုံ (၄၅) စီး၊ Drone (၁) စီး လမ်းလျှောက် စကားပြောစက်များ၊ နိုင်ငံကူးလက်မှတ် (၃၆) အုပ် သိမ်းဆည်းရမိကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ရှမ်းပြည်တိုးတက်ရေးပါတီ SSPP/SSA (မြောက်ပိုင်း)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS/SSA (တောင်ပိုင်း) တပ်တို့သည် ၂၀၁၅ ခုနှစ်မှ စတင်ပြီး တိုက်ပွဲများဖြစ်ပွားလာရာ ၂၀၂၂ အတွင်းတွင် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲ၊ သီပေါဘက်မှ တစ်ဆင့် ရပ်စောက်၊ ပင်လုံဒေသဘက်အထိ တိုက်ပွဲနယ် ကျယ်ပြန့်လာကြောင်း သိရသည်။ SSPP (မြောက်ပိုင်း) နှင့် RCSS (တောင်ပိုင်း)တို့သည် နှစ်ဖွဲ့ပူးပေါင်းရန် ဆွေးနွေးခဲ့ဖူးသော်လည်း လက်ရှိတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိသည့်အပေါ် PPST ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့၏ အကြံပေး ဦးခွန်ဆိုင်းက "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲနဲ့ စစ်ရေးနည်းနဲ့ ဖြေရှင်းဖို့လုပ်ခဲ့တဲ့ အကြောင်းကြောင့် ဖြစ်လာတာပဲ။" ဟုပြောသည်။ PNLO နာယက ဗိုလ်မှူးကြီးခွန်ဥက္ကာကလည်း "အခြေခံအချက်ကတော့ နယ်မြေပါပဲ။ ညှိလို့မရတာ။ ရှမ်းမြောက်က ပြောတာက တောင်ဘက်မှာ ပြန်နေပါ။ ပြန်နေပြီးရင် ဆွေးနွေးပါ့မယ်။ ရှမ်းတောင်က ပြောတာက ရောက်တဲ့အရပ်ကိုပဲ နေရာယူထားပြီးတော့ လက်ရှိအရှိအတိုင်းပေါ့ ဆွေးနွေးရအောင်ပေါ့၊ ဆွေးနွေးချင်တာတော့ နှစ်ဖွဲ့စလုံးပဲ။ ဒါပေမယ့် စည်းကမ်းသတ်မှတ်ချက်က မတူတဲ့အခါကျတော့ ပဋိပက္ခက ဆက်ဖြစ်လာတယ်။" ဟု သုံးသပ်ပြောကြားသည်။ |
| | | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)နေ မိုးသီဟနှင့် စည်သူအောင်(ခ) ငမိုးတို့သည် ၂၀၂၁၊ ဖေဖော်ဝါရီလမှစ၍ ဆူပူဆန္ဒပြမှု ဖြစ်စဉ်များတွင် ပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)အရ ၎င်းတို့အား "ထောင်ဒဏ်တစ်သက်" ချမှတ်လိုက်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ပိုင်ပိုင်(ခ)ညီညီပိုင်သည် အကြမ်းဖက်သူများ လာရောက်အပ်နှံထားသော လက်နက်ခဲယမ်းများကို လက်ဝယ်ထားရှိခဲ့သဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၁(ဂ)အရ "ထောင်ဒဏ်(၁၀)နှစ်" ချမှတ်လိုက်သည်။ |
| | | CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူလျက် |

| | | |
|---|---|---|
| | | ရှိရာ နေပြည်တော် ပြည်ထောင်စုနယ်မြေမှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦးတို့အား တရားဥပဒေနှင့်အညီ အမှုဖွင့်လှစ်အရေးယူခဲ့သည်။ |
| ၂၇။ | ၂၇. ၂. ၂၀၂၂ | မန္တလေးတိုင်းဒေသကြီး၌ အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သူ အမျိုးသား(၂)ဦး သေဆုံးခဲ့သည်။ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၌ အမျိုးသား(၂)ဦးသည် ဖောက်ခွဲမှုများ ပြုလုပ်ရန် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲခဲ့ပြီး မိုင်းစထိမှန်ဒဏ်ရာရရှိကာ သေဆုံးခဲ့သည်။ ၎င်းတို့ အနီးမှ ပစ္စတိုသေနတ် (၁) လက်၊ ၎င်းကျည်အိမ် (၁) ခု၊ ၉ မမ ကျည်ဆံ (၁၄) တောင့်၊ လက်လုပ်မိုင်း(၂)လုံးတို့အား သိမ်းဆည်းရမိသည်။ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံတက္ကသိုလ်၊ မီးပွိုင့်အနီး (၇၈) လမ်းတွင် အမျိုးသား (၁)ဦးသည် လက်လုပ်မိုင်းအား ဆိုင်ကယ်တူးဘောက်စ်အတွင်းထည့်၍ မောင်းနှင်လာစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ခန္ဓာကိုယ်အောက်ပိုင်း ပြတ်ထွက်ကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။ |
| ၂၈။ | ၂၈. ၂. ၂၀၂၂ | တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ် (၂၀) ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ကြောင်း၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး ရည်ရွယ်၍လည်းကောင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး ယန္တရားများအား နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၂ ခုနှစ်၊ မတ်လ (၁) ရက်မှ ဒီဇင်ဘာလ (၃၁) ရက်အထိ ထပ်မံတိုးမြှင့် ရပ်စဲလိုက်ကြောင်း တပ်မတော်မှ ကြေညာချက် ထုတ်ပြန်သည်။ |
| | | စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ် သပြေအေးကျေးရွာ ဘုန်းကြီးကျောင်း၌ ခိုအောင်းနေသည့် PDF အကြမ်းဖက်သမားများနှင့် အပြန်အလှန် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။ ကျေးရွာဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းတို့ကို ဝင်ရောက်ရှာဖွေရာ PDF အလောင်းအချို့၊ လက်လုပ်စိန်ပြောင်း (၅) လက်နှင့် ၎င်းဗုံးသီး (၇) လုံး၊ လက်လုပ်သေနတ်မျိုးစုံ (၄၅) လက်၊ ကျည်မျိုးစုံ (၁၅၇) တောင့်၊ လက်လုပ်လက်ပစ်ဗုံး (၉) လုံး၊ ပြုလုပ်ဆဲ လက်လုပ်သေနတ်ပြောင်း (၇၈) ချောင်း၊ လက်ဆွဲမီးစက် (၁) လုံး၊ ယမ်းမှုန့်၊ ဆေးမျိုးစုံ၊ အခြားဆက်စပ်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများ၊ SKAT မော်တော်ယာဉ်(၂)စီး၊ ဆိုင်ကယ် (၁)စီးနှင့် လေ့ကျင့်ရေးကွင်းတို့ကို သိမ်းပိုက်ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ |
| | | ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၌ ဖေဖော်ဝါရီ (၁) ရက်ကတည်းက စတင်ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် လုံရှာယာန်ကျေးရွာနေပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရသည်။ ဒေသခံ (၅၀၀၀) ကျော်တွင် မြစ်ကြီးနားနှင့် ပူတာအိုတို့သို့ (၂၀၀၀) ခန့်နှင့် ကျန် (၃၀၀၀) ခန့်သည် ရွာအနီးအနားရှိ တောတောင်များထဲသို့ ထွက်ပြေးတိမ်းရှောင် နေကြရခြင်းဖြစ်ပြီး နေရာထိုင်ခင်း၊ စားဝတ်နေရေး အခက်အခဲများနှင့်ပါ ရင်ဆိုင်နေကြရကြောင်း လုံရှာယာန်ကျေးရွာနေ အမျိုးသမီးတစ်ဦးက ပြောကြားကြောင်း RFA သတင်းတွင် ဖော်ပြသည်။ |
| | | စစ်ကိုင်းတိုင်း ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်အား အဂတိလိုက်စားမှု တိုက် |

| | | |
|---|---|---|
| | | ဖျက်ရေး ဥပဒေပုဒ်မ ၅၅ ဖြင့် အမှု (၇) မှုအတွက် ထောင်ဒဏ် (၂၁) နှစ် ချမှတ်လိုက်သည်။ ဒေါက်တာမြင့်နိုင်သည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ (ခ) အမှုအတွက် ထောင်ဒဏ် (၂) နှစ် ချမှတ်ခံထားရပြီး ဖြစ်သည်။ ဒေါက်တာမြင့်နိုင်အား အမှုပေါင်း (၉) မှုနှင့် တရားစွဲဆိုထားပြီး (၈) မှုကို အမိန့်ချပြီးဖြစ်ကာ ရွေးကောက်ပွဲ မသမာမှုနှင့် ပတ်သက်ပြီး စွဲဆိုထားသည့် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၁ (စ) အမှုကို ဆက်လက် တရားရင်ဆိုင်နေရကြောင်း သိရသည်။ |
| | | ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဦးလွန်းမောင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင် ဒေါက်တာမေဝင်းမြင့်၏နေအိမ်ကို ဖေဖော်ဝါရီ (၂၇) ရက်နေ့က ချိပ်ပိတ်လိုက်ကြောင်း NLD ပါတီ၏ ကိုယ်စားလှယ် တစ်ဦးဖြစ်သည့် ဦးဘိုဘိုဦးက အတည်ပြုပြောကြားကြောင်း RFA သတင်းတွင် ဖော်ပြသည်။ တပ်မတော်မှ အာဏာ ထိန်းသိမ်းပြီးနောက်ပိုင်း NLD ပါတီဝင်များ၏ နေအိမ်များ ချိတ်ပိတ်ခံသည်မှာ (၇၀) ခန့်ရှိပြီဟု ယင်းသတင်းတွင် ပါရှိသည်။ |
| | | ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ပြန်ကြားရေးဌာနရုံးတွင် အဝေးထိန်းမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခံရကြောင်း RFA သတင်းတွင် ဖော်ပြသည်။ ယင်းရုံးတွင် လုံခြုံရေးယူပေးနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်နိုင်ကြောင်း ရုံးအနီးဝန်းကျင်တွင် နေထိုင်သူတစ်ဦးက ပြောသည်။ Generation Z Defence Force (GZDF) အဖွဲ့က ထိုတိုက်ခိုက်မှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်းနှင့် ၎င်းတို့နှင့်အတူ Human Right Defender (HRD) အဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်သည်။ |

**(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)**

**သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့**

**TISS – Myanmar**